# ဖုံးကွယ်ခံအမှန်တရားများ - ရခိုင်ပြည်နယ် မြောက်ပိုင်းမှလူနည်းစုအတွင်းရှိ လူနည်းစုများ၏ အကြမ်းဖက်အရေးအခင်းအတွင်း အတွေ့အကြုံများ

ထူးထက်နိုင် နှင့် ကျော်ဇင်လင်း
ရဒ်ကာအန်တလီကိုဗာ (Ph.D) မှ တည်းဖြတ်သည်။



FRIEDRICH EBERT STIFTUNG

PLRI
Peace Leadership & Research Institute

# အကျဉ်းချုပ်

၂၀၁၂ခုနှစ် တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မွတ်ဆလင်များနှင့် ဗုဒ္ဓဘာသာဝင်များကြား လူအုပ်စုလိုက်ဖြစ်သောပဋိပက္ခ (Communal Conflict) ဖြစ်ပွားမှု မြင့်တက်လာခဲ့ပြီး နောက်ပိုင်းတွင် ၂၀၁၇ ခုနှစ်၏ ကမ္ဘာ့အကြီးဆုံး လူသားချင်း စာနာမှုအထောက်အပံ့များဆိုင်ရာ အကြပ်အတည်းတစ်ခု ဖြစ်ပေါ်လာခဲ့ပါသည်။ ပဋိပက္ခ စတင်ဖြစ်ပွားချိန်မှစပြီး နိုင်ငံတကာစာမျက်နှာပေါ်တွင် မြန်မာ့တပ်မတော်(တပ်မတော်) နှင့် ရခိုင်လူမျိုးများသည် ပဋိပက္ခကို စတင်လှုံ့ဆော်သူများအဖြစ် ဖော်ပြခြင်းခံခဲ့ရပြီး ပြည်တွင်းသတင်းစာမျက်နှာများပေါ်တွင်မူ ရိုဟင်ဂျာလူမျိုးစုများသည် မွတ်ဆလင်ဘာသာဝင် အစွန်းရောက် အကြမ်းဖက်သမားများအဖြစ် ဖော်ပြခြင်းခံခဲ့ရသည်။ ထိုသတင်းအချက်အလက် အစီရင်ခံစာများသည် ပဋိပက္ခကို အဓိကပုံဖော်သူ နှစ်ဦးကိုသာ အာရုံစိုက်ဖော်ပြခဲ့ပြီး ထိုဒေသ အတွင်းရှိ ပဋိပက္ခဒဏ်ကို တိုက်ရိုက်ခံစားတွေ့ကြုံနေရသည့် အခြားသောလူနည်းစုများ၏ အခြေအနေကိုဖော်ပြခြင်းမရှိခဲ့ပေ။ ထိုကဲ့သို့အခြေအနေသည် မြေပြင်တွင် လက်တွေ့ဖြစ်ပျက်နေသည့် အခြေအနေတစ်ရပ်လုံးကို မြင်သာစေနိုင်ရန်လိုအပ်သည့်အချက် အလက်များနှင့် ကွာဟချက်များကို ဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့်ယခုလေ့လာမှုသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ခြောက်နှစ်ကြာဖြစ်ပွားနေသည့် လူအုပ်စုလိုက်ဖြစ်သောပဋိပက္ခ အတွင်း လူနည်းစုအတွင်းရှိလူနည်းစုများအကြောင်းကို အတွင်းကျကျ မေးမြန်းစုံစမ်းမှုများ နှင့် အဖွဲ့လိုက်ဆွေးနွေးမှုများဖြင့် ဆန်းစစ်လေ့လာထားခြင်းဖြစ်သည်။ ဆန်းစစ်လေ့လာရာတွင် အဓိကမေးခွန်းများမှာ (၁) လူနည်းစုအတွင်းရှိလူနည်းစုများ၏ ပုန်းကွယ်နေသော ထင်သာမြင်သာမရှိသည့်အကြောင်းအရာ များ၊ (၂) ပဋိပက္ခအတွင်းတွင် ပစ်မှတ်ထားတိုက်ခိုက်ခံရသူများ၏ အတွေ့အကြုံများ (၃) ပဋိပက္ခတွင်း၎င်းတို့ ၏လုံခြုံမှု (၄) ၎င်းတို့ ၏နိုင်ငံသားအခွင့်အရေးရရှိမှု (၅) ပဋိပက္ခအပြီးတွင် ၎င်းတို့၏ လူသားချင်းစာနာမှုအထောက်အပံ့များရရှိမှုတို့ ဖြစ်သည်။ လေ့လာတွေ့ရှိချက်များအရ ၎င်းလူနည်းစုအဖွဲ့အစည်းများသည် ပဋိပက္ခများအတွင်းတွင်နှစ်ဖက်စလုံး၏ ခံစားချက်များကို နားလည် ခံစားနိုင်သည့်သူများဖြစ်သည့်အလျောက် ရခိုင်ပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေးနှင့်အမျိုးသားရင်ကြားစေ့ရေးကိုအစပြုပေးနိုင်သည့် အလားအလာများရှိသည်ကိုတွေ့ရှိရသည်။ ထို့အပြင် လေ့လာ တွေ့ရှိချက်များမှရရှိလာသော အကြံပြုချက်များအရ ငြိမ်းချမ်းရေး တည်ဆောက်ရန် အကောင်အထည်ဖော်ရာတွင်၎င်းတို့ ၏ ပူးပေါင်းပါဝင်မှုကို ပိုမိုမြှင့်တင်နိုင်ရန်အတွက် ထိုလူနည်းစု လူ့အဖွဲ့ အစည်းများအနေဖြင့် အဘက်ဘက်တွင် နေ့စဉ်ကြုံတွေ့နေရသည့် ကန့်သတ်ချက်များ၊ ခွဲခြားဆက်ဆံခံရမှုများကို အဆုံးသတ်ပေးရန် လိုအပ်ကြောင်းတွေ့ရှိရသည်။

# ကျေးဇူးတင်လွှာ

ဤသုတေသနအတွက် ကူညီပေးခဲ့ကြသော ဆရာ၊ ဆရာမများ နှင့် မိတ်ဆွေသူငယ်ချင်းများအပြင် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးကို ကျေးဇူးတင်ရှိပါသည်။ ငြိမ်းချမ်းရေး၊ ခေါင်းဆောင်မှု နှင့် သုတေသနအင်စတီကျု့ (PLRI) နှင့်အထူးသဖြင့် သုတေသနအကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်တစ်ခုလုံးတွင် သုတေသနနည်းပြနှင့် အကြံပေးအဖြစ် ဝိုင်းဝန်းအားပေးကူညီခဲ့သည့် ဆရာမ Radka Antalíková နှင့် ဆရာ James MacMillan ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ကွင်းရက်ချိတ်ဆက်ခြင်းခရီးစဉ် နှင့် ရှေ့ပြေးစမ်းသပ်လေ့လာ မေးမြန်းမှုပြုလုပ်ခြင်းတို့တွင် ကူညီပေးခဲ့ကြသည့် မိတ်ဆွေ သူငယ်ချင်းများ၏ နွေးထွေးစွာ ကူညီပံ့ပိုးမှုကြောင့်သာလျှင် ဤသုတေသနအောင်မြင်စွာပြီးမြောက်ခဲ့ခြင်းဖြစ်ပါသည်။ စာရေးသူများသည် ဤသုတေသနအတွက် အချိန်ပေးဖြေဆိုသူ တစ်ဦးစီတိုင်း၏ ကြိုးဆိုမှုနှင့် ပါဝင်ကူညီပေးမှုကိုလည်း ကျေးဇူးတင် စွာဖြင့်အသိအမှတ်ပြုအပ်ပါသည်။

JOINT PEACE FUND

FRIEDRICH EBERT STIFTUNG

Forum of Federations
The Global Network on Federalism and Devolved Governance

Thabyay Education Foundation
inspire . empower . enable

# နိဒါန်း

မြန်မာနိုင်ငံအတွင်းရှိ အဆင်းရဲဆုံးနှင့် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံး ပြည်နယ်များထဲတွင် ရခိုင်ပြည်နယ်သည် တစ်ခုအပါအဝင် ဖြစ်သည်။ နိုင်ငံအတွင်းရှိ လုပ်အားပါဝင်မှုအနည်းဆုံးနှင့် အလုပ်လက်မဲ့အများဆုံး ပြည်နယ်တစ်ခုလည်းဖြစ်သည်။ ပြည်နယ်အနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများဖြစ်သည့် ပညာရေး နှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ရေသန့် ရရှိမှု၊ သန့်ရှင်းမှုစသည့် ကဏ္ဍအသီးသီးတွင်လည်း အားရလောက်ဖွယ်မရှိသော စွမ်းဆောင်မှုများကို ညွှန်ပြလျက်ရှိပြီး နှစ်စဉ် သဘာဝဘေးအန္တရာယ်များဖြစ်သည့် မုန်တိုင်းနှင့် ရေကြီးသည့်ဒဏ်များကိုလည်း ခံစားရလေ့ရှိသည် (United Nations Children’s Fund ၊ ၂၀၁၅) ။ ထိုအခြေအနေများတွင် ရခိုင်ပြည်နယ်၏ လူမှုစီးပွားအညွှန်းကိန်းများသည် ၂၀၁၂ ခုနှစ်အတွင်းရှိ လူအုပ်စုလိုက်ဖြစ်သောပဋိပက္ခများမှတစ်ဆင့် ၂၀၁၆ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပေါ်လာခဲ့သော အာရ်ကန်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော် (ARSA - Arakan Rohingya Salvation Army) နှင့် မြန်မာအစိုးရတို့၏ လက်နက်ကိုင်ပဋိပက္ခဖြစ်ပေါ်လာပြီးနောက်ပိုင်း ပိုမိုဆိုးရွားလာခဲ့သည်။ လူထောင်ပေါင်းများစွာ နေအိမ်များကို စွန့်ခွာခဲ့ရပြီး အစားအစာ မလုံလောက်မှု၊ အသက်ရှင်ရပ်တည်ရန်ခက်ခဲမှု ၊ ပညာရေးဆိုင်ရာအထောက်အပံ့များမရရှိမှုနှင့် ကူးသန်းရောင်းဝယ်ရေး ခက်ခဲမှုများကို ခံစားခဲ့ရသည် (United Nations Children’s Fund ၊ ၂၀၁၅) ။ ဩဂုတ်လ ၂၀၁၇ တွင် ARSA ၏ ဒုတိယ တိုက်ခိုက်မှုပြီးနောက် တပ်မတော်၏ အကြီးစား စစ်ဆင်မှုများဖြစ်ပေါ်လာခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခ၏ အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိကာ ၂၀၁၇ ခုနှစ်၏ အကြီးမားဆုံးသော ဒုက္ခသည်အကြပ်အတည်းတစ်ခုအသွင် ဦးတည်လာခဲ့သည်။ ရခိုင်ပြည်နယ် အကြံပေးကော်မရှင်(Kofi Annan Commission ၊ ၂၀၁၇ ခုနှစ်) မှတ်တမ်းများအရ ရခိုင်ပြည်နယ်၏ ဆင်းရဲမှုပြအညွှန်းကိန်းသည် ၇၈ရာခိုင်နှုန်း ရှိခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာ၏ နှစ်ဆနီးပါးရှိခဲ့သည်ကိုတွေ့ရှိရသည်။

ပြည်တွင်းနှင့်ပြည်ပမီဒီယာ စာမျက်နှာများတွင် ရှာဖွေတွေ့ရှိချက်များအရ အကြမ်းအားဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လူအုပ်စုလိုက်ဖြစ်သော ပဋိပက္ခများကို ၂၀၁၂ခုနှစ်တွင် ဗုဒ္ဓဘာသာ နှင့် မွတ်ဆလင်များကြားပဋိပက္ခအဖြစ် ခေါင်းစဉ်အတပ်ခံခဲ့ရပြီး နောက်ပိုင်း ၂၀၁၄ခုနှစ်တွင် ဗုဒ္ဓဘာသာနှင့်ရိုဟင်ဂျာ မွတ်ဆလင်တို့၏ ပဋိပက္ခအဖြစ် အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရသည်။ (ထက်လင်းဦး၊ ထူးထက်နိုင်၊ ကျော်ဇင်လင်း၊ မျိုးမျိုးကျော်၊ စောမာဂေထူး နှင့် သူရအောင်၊ ၂၀၁၈ခုနှစ်) ။ ထို့နောက်တွင် ထိုပဋိပက္ခ၏ အရင်းအမြစ်သည် ပြည်နယ်အတွင်းရှိ ဘာသာရေးကွဲပြားမှုအသွင်အဖြစ်သာမက ရိုဟင်ဂျာများအတွက် လူမျိုးစုသတ်မှတ်ရေးအဖြစ်လည်း ပါဝင်လာခဲ့သည်။ ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး နိုင်ငံတကာတင်ပြချက်များတွင် စစ်တပ်နှင့် ရခိုင်လူမျိုးများကို ဖိနှိပ်သူများအဖြစ်ပုံဖော်ခဲ့ပြီး ရိုဟင်ဂျာများအား အဖိအနှိပ်ခံရသူအဖြစ် ပုံဖော်ခဲ့ကာ ရိုဟင်ဂျာများအား နိုင်ငံသားခံယူခွင့်ပေးရန် ထောက်ခံမှုများ ရှိလာခဲ့သည် (ဥပမာအားဖြင့် Fortify Rights လူ့အခွင့်အရေးအဖွဲ့၊ ၂၀၁၈ခုနှစ်) ။

အခြားတစ်ဘက်တွင်လည်း ပြည်တွင်းအစီရင်ခံစာများတွင် လူအုပ်စုလိုက်ဖြစ်သော ပဋိပက္ခအတွင်းရှိ အဖိနှိပ်ခံရသူများအဖြစ်ရခိုင်လူမျိုးများအား ဖော်ပြခဲ့သည် (ထက်လင်းဦး နှင့် အခြားစာရေးသူများ၊ ၂၀၁၈ခုနှစ်) ။ မည်သို့ပင်ဆိုစေကာမူ ထိုအစီရင်ခံစာများတွင် ထိုဒေသများအတွင်းရှိ ပဋိပက္ခများတွင် ပါဝင်ခဲ့သောလူနည်းစုများ၏ သဘောထားအမြင်ကို ထည့်သွင်းဖော်ပြခြင်းမရှိခဲ့ပေ။ အကျိုးဆက်အနေဖြင့် ထိုအခြေခံလူတန်းစားများနှင့် ၎င်းတို့၏ ပဋိပက္ခများအပေါ်တွင်ဖြေရှင်းလိုပုံများသည် ယခင်ရခိုင်ပဋိပက္ခအရေးလေ့လာသုံးသပ်မှုစာတမ်းများတွင် ဝမ်းနည်းဖွယ်ရာမေ့လျော့ခြင်းခံခဲ့ရသည်။

## နှစ်ထပ်ကွမ်းလူနည်းစုများ သို့မဟုတ် လူနည်းစုအတွင်းရှိ လူနည်းစုများ

လူမျိုးနွယ်စုများစွာနှင့်ဖွဲ့စည်းထားသောနိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ ရခိုင်ပြည်နယ်သည်လည်း မြို၊ ခမီ သို့မဟုတ် မြို့ခမီ၊ သက်၊ ဒိုင်းနက်၊ မရမာကြီး နှင့် ကမာန် ဟူသော တရားဝင်လူမျိုးစုခုနှစ်စုနှင့်ဖွဲ့ စည်းထားသောပြည်နယ်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူနည်းစုမျိုးနွယ်အတွင်းတွင် ရခိုင်သည်လည်း တစ်ခုအပါအဝင်ဖြစ်သောကြောင့် တိုင်းရင်းသားလူနည်းစုများ၂ အကြောင်းလေ့လာရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ အခြားလူမျိုးစုများကိုအများအားဖြင့် ဂရုမပြုမိကြပေ။ ထို့အတွက်ကြောင့် ယခုလေ့လာမှုတွင် ထိုတိုင်းရင်းသားလူနည်းစုများအား လူနည်းစုအတွင်းရှိလူနည်းစုများ အဖြစ်ရည်ညွှန်းထားမည်ဖြစ်သည်။ ယေဘုယျအားဖြင့် လူနည်းစုအတွင်းမှလူနည်းစုဟူသော အသုံးအနှုန်းသည် တရားဝင်သတ်မှတ်ထားသည့် လူနည်းစုလူ့အဖွဲ့အစည်းအတွင်းတွင် တည်ရှိနေသော လိင်ကွဲပြားမှုများ၊ အမျိုးသမီးများ၊ လူမှုအဆင့်အတန်းနိမ့်ကျလျက်ရှိသူများ၊ စသည့် လူနည်းစု၏အခွဲ လူနည်းစုလူ့အဖွဲ့အစည်းကိုရည်ညွှန်းလိုခြင်းဖြစ်သည် (Das ၊ ၂၀၀၉) ။ Beeri နှင့် Saad (၂၀၁၄) ၏ အဆိုအရ လူနည်းစုအတွင်းရှိလူနည်းစု ဆိုသည်မှာ လူနည်းစုအဖွဲ့အစည်းအတွင်း၎င်းတို့၏ လူမျိုးစု၊ နိုင်ငံသား သို့မဟုတ် ကိုးကွယ်ယုံကြည်မှု အပေါ်မူတည်ကာ ၎င်းတို့ကိုယ်တိုင် သီးခြားသတ်မှတ်ခံယူထားသူများကိုဆိုလိုသည်။

ရခိုင်ပြည်နယ်အတွင်းရှိ လူနည်းစုအတွင်းမှလူနည်းစုများသည် ပဋိပက္ခဖြစ်စဉ်တွင် အဓိကပါဝင်သူများအဖြစ် ပုံဖော်ခြင်းမခံခဲ့ရသော်လည်း အထောက်အထားများအရ ခြောက်နှစ်တာ လူမျိုးရေးပဋိပက္ခများအကြားတွင် ထိုလူနည်းစုများသည်လည်း အဖိနှိပ်ခံခဲ့ရသည့်အချက်အလက်များကိုတွေ့နိုင်သည်။ လေ့လာတွေ့ရှိချက်တစ်ခုအရ မရမာကြီးနှင့် ကမာန်လူမျိုးစုများသည်လည်း ၂၀၁၂ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုပဋိပက္ခကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသည် (Amnesty International ၊ ၂၀၁၇) ။ ဤကဲ့သို့အခြေအနေမျိုးတွင် အစိုးရ၏ အဓိကအဖွဲ့အစည်းကြီးတစ်ခုဖြစ်သော ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) အဖွဲ့အစည်းသည်ပင်လျှင် ထို ကမာန်နှင့်

မရမာကြီး လူမျိုးစုများအား ပြင်းထန်သည့် လူအုပ်စုလိုက်ဖြစ်သော ပဋိပက္ခဒဏ်ခံစားရသူများအဖြစ်အသိအမှတ်ပြုခြင်းမရှိသလို ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ တွင်လည်း ထည့်သွင်းစဉ်းစားခြင်းမရှိသည်ကိုတွေ့ရသည် (UEHRD ၊ ၂၀၁၈) ။ ထို့အပြင် အခြားသောအစီရင်ခံစာများတွင် မြို့လူမျိုးစုများအနေဖြင့် အရင်းအမြစ်ခွဲဝေရေး၊ ရှင်သန်နေထိုင်ရေး၊ ပြည်သူ့ဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ပညာရေးနှင့်လမ်းပန်း ဆက်သွယ်ရေး ဝန်ဆောင်မှုများတွင် ခွဲခြားဆက်ဆံခြင်းခံခဲ့ရသည့် အတွေ့အကြုံများအရ ရခိုင်လူမျိုးအများစုနှင့်အစိုးရ၏ စီမံခန့်ခွဲ မှုများအပေါ်တွင် အနုတ်လက္ခဏာဆောင်သည့်ခံစားချက် များ ရှိနေသည်ကိုတွေ့ရသည် (ငြိမ်းချမ်းအောင်၊ ၂၀၁၈) ။ အလားတူအစီရင်ခံစာများအရ ပြည်နယ်အတွင်းရှိ အစိုးရဌာနများ နှင့်အဖွဲ့အစည်းများတွင်လည်း အဓိကအားဖြင့်ဗမာများနှင့် ရခိုင် များသာ လွှမ်းမိုးထားသည်ကို ဖော်ပြလျက်ရှိသည်။

ယခုစာတမ်းသည် အထက်ပါအကြောင်းအရာများအပေါ်အခြေခံပြီး အစိုးရအဖွဲ့ အစည်းဖြစ်သည့် UEHRD နှင့် နိုင်ငံတကာအဖွဲ့အစည်း များသည် ပစ်ပယ်ခြင်းခံထားရသည့်လူနည်းစုအဖွဲ့အစည်းများကို ထည့်သွင်းစဉ်းစားထားခြင်းမရှိသည့်အတွက် ပဋိပက္ခများဖြစ်ပွား နေသော ရခိုင်ပြည်နယ်အတွင်းပြန်လည်သင့်မြတ်ရေးလုပ်ငန်း စဉ်ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ခြင်း မရှိသည့်အခြေ အနေကို ဆွေးနွေးတင်ပြသွားမည်ဖြစ်သည်။ လူနည်းစုအခွင့်အရေး - ပဋိပက္ခကာကွယ်ရေးအတွက်အဓိကသော့ချက် (Baldwin ၊ Chapman နှင့် Gray ၊ ၂၀၁၇) ဟူသော ခေါင်းစဉ်ဖြင့်စာတမ်း တစ်ခုအရ ပဋိပက္ခအား ကြိုတင်ကာကွယ်ရာတွင် လူနည်းစုအဖွဲ့ အစည်းများ၏ အပြည့်အဝပူးပေါင်းပါဝင်မှုသည် အရေးကြီးလျက် ရှိသည်။ ပဋိပက္ခ ဖြစ်ပွားပြီးသွားသည့်တိုင် လူနည်းစုအဖွဲ့အစည်း များ၏ အတွေ့အကြုံနှင့်ဗဟုသုတများအား အသိအမှတ်ပြုကာ ၎င်းတို့၏ပူးပေါင်းပါဝင်မှုသည် ငြိမ်းချမ်းရေးတည်ဆောက်မှု နှင့် ပဋိပက္ခကို အသွင်ပြောင်းလဲရန်ကြိုးပမ်းအားထုတ်ရာတွင် အရေး ကြီးသောအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ ထို့အတွက်ကြောင့် ယခုသုတေသနအနေဖြင့် ရခိုင်ဒေသအတွင်းရှိ ပဋိပက္ခများကို ထိရောက်စွာဖြေရှင်းနိုင်မည့် ပဋိပက္ခဖြေရှင်းရေးနည်းဗျူဟာများကို လေ့လာတင်ပြသွားမည်ဖြစ်ပြီး လူနည်းစုအတွင်းမှလူနည်းစုများ ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြတ်ကျော်နိုင်မည့် နည်းလမ်းများကို ရှာဖွေမည်ဖြစ်သည်။

# သုတေသနနည်းလမ်း

ယခုလေ့လာမှုတွင် အရည်အသွေးစံထားသည့် သုတေသနနည်းလမ်းကို အသုံးပြုခဲ့သည့်အကြောင်းရင်းမှာ ယခုလေ့လာမှု၏ အဓိကရည်ရွယ်ချက်ဖြစ်သော ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသအတွင်းရှိ ပဋိပက္ခများတွင် လူနည်းစုအတွင်းရှိလူနည်းစုများ၏ အတွေ့အကြုံများကို နက်ရှိုင်းစွာနားလည်သဘောပေါက်မှုရရှိရန် ဖြစ်သည်။ ထို့အပြင် ၎င်းဒေသအတွင်း လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး နယ်မြေမတည်ငြိမ်မှုကြောင့် အရေအတွက်စံထားသုတေသနနှင့် ပေါင်းစပ်သုတေသနနည်းလမ်းကို အသုံးပြုရန်အတွက်လိုအပ်သည့် ပါဝင်ဖြေဆိုသူအရေအတွက်ကို မရရှိနိုင်ပေ။ ထို့အတွက်ကြောင့် ဒေသတွင်းလူအုပ်စုလိုက်ဖြစ်သော ပဋိပက္ခများတွင် လူနည်းစုအတွင်းရှိလူနည်းစုများ၏ အခြေအနေကိုယေဘုယျနားလည်နိုင်ရန် သုတေသီများသည်အချက်အလက်များမကောက်ယူမီ ပဋိပက္ခများကြောင့် မိမိနေရပ်ကိုစွန့်ခွာကာ ရန်ကုန်တွင် လာရောက်နေထိုင်သည့် ကမာန် လူငယ်တစ်ဦးနှင့်လည်းကောင်းတွေ့ဆုံခဲ့ပြီး၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်တည်ရှိသော မြို့နယ်လေးခုရှိ ဒေသခံများနှင့်ချိတ်ဆက်ရန် ကနဦးခရီးစဉ်တစ်ခု သွားရောက်ခဲ့ကြသည်။ ခရီးစဉ်အတွင်းဒေသခံများနှင့်ဝိုင်းဖွဲ့စကားပြောဆိုပြီး ၎င်းတို့၏ဒေသအခြေအနေများကိုသိရှိရခြင်းသည် ပါဝင်ဖြေဆိုသူများကိုမေးမြန်းရာ၌ လုံခြုံမှုရှိပြီးစိတ်သက်သာမှုရှိစေရန် သုတေသီများက သင့်တော်သောမေးခွန်းများ ရွေးထုတ်ရာတွင် များစွာအထောက်အကူဖြစ်ခဲ့ပါသည်။

အချို့သောပါဝင်ဖြေဆိုသူများသည် အခြားသောသူများရှေ့တွင် စကားပြောဆိုရန်မိမိကိုယ်မိမိယုံကြည်မှုနည်းခြင်းနှင့် အခြားသောပါဝင်သူများသည် ၎င်းတို့၏အိမ်နီးချင်းများအကူအညီမပါဘဲ ၎င်းတို့ဖြစ်ပျက်ခဲ့သောအကြောင်းအရာများကို မမှတ်မိခြင်းကြောင့် ယခုလေ့လာမှုတွင်တစ်ဦးချင်းမေးမြန်းမှုများနှင့် ဦးတည်အုပ်စုမေးမြန်းမှုပုံစံများ (FGDs) ကို အသုံးပြုခဲ့သည်။ ပါဝင်ဖြေဆိုသူများ၏သက်ဆိုင်ရာနယ်မြေနှင့်မျိုးနွယ်စုများမတူညီမှုကြောင့် ၎င်းတို့၏အဖြစ်အပျက်များသည်လည်းကွဲပြားနေမည်ကို ကြိုတင်တွက်ဆထားပြီးဖြစ်သောကြောင့်နောက်ဆက်တွဲမေးခွန်းများအတွက်ထည့်တွက်ကာ တစ်ဦးချင်းမေးမြန်းမှုများနှင့် FGD လမ်းညွှန်ချက်များကိုတစ်စိတ်တစ်ပိုင်းပြင်ဆင်ခဲ့ပါသည်။ လမ်းညွှန်ချက်များတွင် အဓိကမေးခွန်း၅ခုဖြစ်သော (၁) လူအုပ်စုလိုက်ဖြစ်သော ပဋိပက္ခအတွင်းဒေသခံလူနည်းစုအတွင်းရှိလူနည်းစုများ၏ အတွေ့အကြုံများမှာ အဘယ်နည်း။ (၂) ပဋိပက္ခအတွင်းတွင် ဒေသန္တရအာဏာပိုင်များက ၎င်းတို့ကိုဆက်ဆံပြုမူပုံများနှင့်ပတ်သက်ပြီး ၎င်းတို့မည်ကဲ့သို့ ထင်မြင်ယူဆသနည်း။ (၃) ပဋိပက္ခအတွင်းတွင် ၎င်းတို့မည်ကဲ့သို့ ခံစားရင်ဆိုင်ခဲ့ရသနည်း။ (၄) ၎င်းတို့အနေဖြင့် အစိုးရနှင့် အခြားသောအဖွဲ့အစည်းများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအပေါ် မည်ကဲ့သို့ထင်မြင်ယူဆသနည်း။ (၅) ၎င်းတို့ဒေသ၏ အနာဂတ်ကာလနှင့်ပတ်သက်၍ ၎င်းတို့၏မျှော်လင့်ချက်များမှာအဘယ်နည်း။ စသည့်မေးခွန်းများဖြင့်ဖွဲ့စည်းထားသော မေးခွန်းစုစုပေါင်းအခု ၂၈ပါဝင်သည်။

## နမူနာနှင့်နမူနာကောက်ယူခြင်း

အောက်ပါအချက်အလက်များအပေါ်အခြေခံပြီး သုတေသနတွင် ပါဝင်ဖြေဆိုသူများကို (၁) ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ပဋိပက္ခအတွင်းတွင် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်စွာ ထိခိုက်ခံစားခဲ့ရသော မြို၊ ခမီ (သို့မဟုတ် မြိုခမီ)၊ သက်၊ မရမာကြီး၊ ဒိုင်းနက်၊ ကမာန် နှင့်ဟိန္ဒူ[၇] လူမျိုးစုများ (၂) ဒေသအနှံ့အပြား၌ဖြစ်ပေါ်နေသည့်အကြောင်းအရာများနှင့်စပ်လျဉ်းပြီး ဗဟုသုတကြွယ်ဝသော တက်ကြွလှုပ်ရှားသည့် ရပ်ရွာလူထုခေါင်းဆောင်များ သို့မဟုတ် ဦးတည်ထားသည့်အုပ်စုရှိ လူမှုဖူလုံရေးလုပ်သားများ (၃) ကိုယ်တိုင် ပဋိပက္ခဒဏ်များခံစားရသော်လည်း ပြည်တွင်းသို့မဟုတ် ပြည်ပ မီဒီယာများနှင့်ထိတွေ့ရန် ခဲယဉ်းသော ရပ်ရွာလူထုအဖွဲ့ဝင်များကို ဦးတည်ရွေးချယ်ခဲ့ပါသည်။ ရရှိထားသည့်ပါဝင်ဖြေဆိုသူများ၏အကူအညီဖြင့် ပါဝင်ဖြေဆိုသူများ ပိုမိုရရှိနိုင်ရန် ဆင့်ကဲနမူနာကောက်ယူနည်း (snowball sampling) ကို အသုံးပြုခဲ့ပါသည်။ နောက်ဆုံးတွင် အားလုံးပေါင်း ခုနစ်ဦးကိုသီးခြားတွေ့ဆုံမေးမြန်းခဲ့ပြီး FGD နှစ်ဖွဲ့တွင်ရှစ်ဦး ပါဝင်ဖြေဆိုခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှု နှင့် ဦးတည်အုပ်စုဆွေးနွေးမှုတစ်ခုစီသည် ပျမ်းမျှအားဖြင့် အချိန်တစ်နာရီခွဲခန့် ကြာမြင့်ခဲ့ပါသည်။ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရွာလေးရွာ၊ မြို့နယ်နှစ်ခုအပါအဝင် နယ်မြေငါးနေရာတွင် အချက်အလက်များကောက်ယူခဲ့ပါသည်။ အများပြည်သူလူထု အသုံးပြုသည့်နေရာများတွင် ဆွေးနွေးပြောဆိုရာတွင် သတိထားဆင်ခြင်ရသောကြောင့် တွေ့ဆုံမေးမြန်းမှုများကိုပါဝင်ဖြေဆိုသူများ၏ နေအိမ်များတွင်သာစီစဉ်လုပ်ဆောင်ခဲ့ပါသည်။ တက်ကြွလှုပ်ရှားသူများ အလွယ်တကူတွေ့ဆုံပြီး ရပ်ရွာလူထုအရေးကိစ္စရပ်များ ဆွေးနွေးနိုင်သောနေရာဖြစ်သည့် လူထုအခြေပြုစင်တာများ (community centers) တွင် FGD ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ဒေသတွင်းလက်နက်ကိုင်ပဋိပက္ခများ အရှိန်မြင့်တက်လာခြင်းကြောင့် ယခုနမူနာတွင် သက်လူမျိုးစုကိုထည့်သွင်းနိုင်ခဲ့ခြင်း မရှိခဲ့ပေ၊ ထိုအစားဟိန္ဒူများက သဘောတူပါဝင်ခဲ့ပါသည်။

သုတေသီများသည် ပါဝင်ဖြေဆိုသူများကို သတိထားဆင်ခြင်ရမည့်ကိစ္စရပ်များနှင့်သက်ဆိုင်သော စာရွက်စာတမ်းပေါ်တွင် လက်မှတ်ထိုးရန် ပြောဆိုပါက စိတ်မသက်မသာဖြစ်စေနိုင်မည်ဟု ထင်မြင်ယူဆသောကြောင့် လက်ရေးမှုပုံစံအစား နှုတ်အားဖြင့်အသိပေးခွင့်ပြုချက်ရယူခဲ့သည်။ နှုတ်အားဖြင့်သဘောတူညီမှုတွင် သုတေသီများအနေဖြင့် ပါဝင်ဖြေဆိုသူများ၏ ကိုယ်ရေးအချက်အလက်နှင့် အချက်အလက်ကောက်ယူသည့်တည်နေရာများကို လျှို့ဝှက်ထားပေးရန်သာမကပုံနှိပ်ထုတ်ဝေပြီးပါက ထိုအချက်အလက်များကို ဖျက်ဆီးပစ်ရန်လည်းသဘောတူညီခဲ့ပါသည်။

# တွေ့ရှိချက်များ နှင့် ဆွေးနွေးချက်များ

ယခုလေ့လာမှု၏ရလဒ်များသည်ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လူနည်းစုများ၏ ပဋိပက္ခအတွင်းအတွေ့အကြုံများကို အဓိက အကြောင်းအရာခြောက်ခုဖြစ်သော (၁) ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မွတ်ဆလင်များ၊ ရခိုင်များနှင့် အခြားသောလူမျိုးစုအဖွဲ့များနှင့် ၎င်းတို့၏ဆက်ဆံရေး (၂) ၎င်းတို့နှင့် ၎င်းတို့၏ ဒေသအပေါ်တွင် ပဋိပက္ခ၏သက်ရောက်မှုများ (၃) ပဋိပက္ခတွင် အဓိကဦးဆောင်သူများနှင့် ပဋိပက္ခဖြစ်ပေါ်ရသည့်အခြေခံအကြောင်းရင်းများနှင့် စပ်လျဉ်းပြီး ၎င်းတို့၏သဘောထား အမြင်များ (၄) တပ်မတော်နှင့် အစိုးရအဖွဲ့တို့အပေါ် ၎င်းတို့၏သဘောထားအမြင်များ (၅)၎င်းတို့၏ ဒေသတွင် အခြေခံလူ့အခွင့်အရေးဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှု (၆) အစိုးရ၏ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ၎င်းတို့၏သဘောထားအမြင်များ စသည့် အဓိကအကြောင်းအရာများအတွင်း အကျုံးဝင်ကျရောက် လျက်ရှိသည်ကို တွေ့ရှိခဲ့သည်။

### လူနည်းစုများ၏ မွတ်ဆလင်များ၊ ရခိုင်များနှင့်ဆက်ဆံရေး

လူနည်းစုအတွင်းရှိလူနည်းစုများ၊ မွတ်ဆလင်နှင့် ရခိုင်လူမျိုးများကြားဆက်ဆံရေးသည် ၎င်းတို့နေထိုင်ရာဒေသ၊ ၎င်းတို့နှင့် သက်ဆိုင်သောလူမျိုးစုများ နှင့် ပဋိပက္ခများသည် ၎င်းတို့အပေါ် တိုက်ရိုက်ထိခိုက်မှု ရှိ၊ မရှိ အပေါ်တွင်မူတည်သည်။ ပါဝင်ဖြေဆိုသူအများစုသည် ၂၀၁၂ခုနှစ် လူအုပ်စုလိုက်ဖြစ်သောပဋိပက္ခများ မတိုင်ခင်က ယခုထက်ပိုမိုကောင်းမွန်သော ဆက်ဆံရေးရှိခဲ့သည် ဟူသောအချက်ကို သဘောတူကြသည်။ ပါဝင်ဖြေဆိုသူမြိုလူမျိုး တစ်ဦး (P2) က "သူတို့ရွာကို ကျွန်တော်တို့ သွားတယ်။ ညအိပ်တယ်။ သူတို့လဲ ကျွန်တော်တို့ဆီလာလည်တယ်၊ ညအိပ်တယ်၊ ဘာမှမဖြစ်ဘူး"ဟု ဆွေးနွေးပြောပြခဲ့ပါသည်။ ထို့ပြင်လူမှုဆက်ဆံရေး ကောင်းမွန်ရုံသာမက စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဆက်ဆံရေးလည်း ပိုမိုကောင်းမွန်ခဲ့သည်။ ပါဝင်ဖြေဆိုသူ မရမာကြီးလူမျိုးတစ်ဦး (P3) ၏ ဆွေးနွေးချက်အရ မတူညီသည့်အသိုင်းအဝိုင်းနှစ်ခု(မရမာကြီး နှင့် မွတ်ဆလင်များ) သည် ဈေးနေရာများ၊ သစ်ခုတ်ရာတောများ၊ နှင့် ငါးလုပ်ငန်းနှင့် အခြားသော ဒေသတွင်း စီးပွားရေးလုပ်ငန်းများတွင် အချင်းချင်း ကူညီဖေးမပေးခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေရလဒ်များအရ ၂၀၁၂ခုနှစ် လူအုပ်စုလိုက်ဖြစ်သော ပဋိပက္ခများအတွင်းတွင် မရမာကြီးလူမျိုးများသည် ရခိုင်လူမျိုးများဘက်တွင်ဖြစ်သော ပဋိပက္ခတွင် တိုက်ရိုက်ပါဝင်လာခဲ့ပြီးအခြားသောနယ်မြေရှိ မရမာကြီးလူမျိုးစုဝင်များသည်  ရခိုင်လူမျိုးနှင့်သာမက မွတ်ဆလင် များနှင့်လည်း သင့်မြတ်စွာနေထိုင်နိုင်ခဲ့သည်။ အခြားတစ်ဘက် တွင်လည်း ကမာန်လူမျိုးများသည် မွတ်ဆလင်ဘာသာဝင်များ ဖြစ်ပြီး ၎င်းတို့ကို ရိုဟင်ဂျာမွတ်ဆလင်များနှင့်အတူတူဖြစ်သည် ဟု သတ်မှတ်ထားကြသောကြောင့် ၎င်းတို့သည် ပဋိပက္ခအတွင်း တိုက်ရိုက်နစ်နာဆုံးရှုံးသူများဖြစ်လာကြသည်။ အဓိကရုဏ်းများ ပြီးသည်နှင့်တစ်ပြိုင်နက် အစိုးရအဖွဲ့သည်မွတ်ဆလင်များနှင့် မွတ်ဆလင်မဟုတ်သူများကို နေရာအမျိုးမျိုးတွင်သီးခြားခွဲထားပြီး အတင်းအကျပ်နေထိုင်စေခဲ့သည်။

အခြားသောတိုင်းရင်းသားလူမျိုးစုများနှင့် မွတ်ဆလင်များကြား ဆက်ဆံရေးသည် ၂၀၁၆ -၂၀၁၇ခုနှစ် ပဋိပက္ခများ စတင်ထွက် ပေါ်ပေါက်လာချိန်တွင် လုံးဝပြိုကွဲပျက်စီးသွားခဲ့သည်။ ARSA ၏ အကြမ်းဖက်လုပ်ရှားမှုများရလဒ်အနေဖြင့် မွတ်ဆလင်မဟုတ်သည့် တိုင်းရင်းသားလူမျိုးအများစုသည် ဒေသခံမွတ်ဆလင်များအား လုံးဝယုံကြည်မှုမရှိတော့ပေ။ တစ်ချိန်တည်းမှာပင် လူနည်းစု အတွင်းရှိလူနည်းစုများ နှင့် ရခိုင်လူမျိုးများကြား ဆက်ဆံရေး သည်လည်း ပိုမိုဆိုးရွားလာခဲ့သည်။ ရခိုင်လူမျိုးများသည် မရမာကြီး လူမျိုးများကို ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် စစ်ရှောင်စခန်း (IDP camp) များတွင် ခွဲခြားဆက်ဆံခြင်းများရှိကာ ၎င်းတို့ကို နေစရာနေရာ နှင့် အိပ်စရာအိပ်ယာမပေးခြင်းအကြောင်းကို ပါဝင် ဖြေဆိုသူ P1 နှင့် P4 နှစ်ဦးစလုံးသဘောတူကြသည်။ ပါဝင်ဖြေ ဆိုသူတစ်ဦးဖြစ်သည့်  P4 ၏ ပြောဆိုချက်အရ"သူတို့ (ရခိုင် လူမျိုးများ) က မရမာလူမျိုးတွေကို မုန်းတယ်။ မရမာခွေးတွေလို့ တောင်ပြောတယ်" ဟု ၎င်းတွေ့ကြုံရပုံကို ဆွေးနွေး ပြောပြခဲ့ ပါသည်။ ထိုရလဒ်များအရ လူနည်းစုအတွင်းရှိလူနည်းစုများ နှင့် မွတ်ဆလင်များအကြား ဆက်ဆံရေးသည် ၎င်းတို့၏ လုပ်ဆောင်မှုကြောင့် ပြိုကွဲခဲ့ရခြင်းမဟုတ်ပဲ အစိုးရ၏ပဋိပက္ခ ကာကွယ်တားဆီးရေးစီမံကိန်းများဖြင့် နေရာအနှံ့အပြားတွင် ၎င်းတို့ကို အတင်းအကျပ်သီးခြားထားရှိမှုကြောင့်သာဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်။ ထို့အပြင် ၂၀၁၂ခုနှစ် လူအုပ်စုလိုက်ဖြစ်သော ပဋိပက္ခအတွင်း တိုက်ရိုက်အကြမ်းဖက်မှုကို ကြိုတင်ကာကွယ် ရာတွင် အောင်မြင်မှုရရှိခဲ့သည့် အချို့သောအဖြစ်အပျက်များအရ လူနည်းစုအချို့၏ မွတ်ဆလင်များအပေါ် အပြုသဘောဆောင်သည့် သဘောထားအမြင်ရှိကြောင်း အခိုင်အမာသက်သေခံလျက်ရှိသည်။ ပါဝင်ဖြေဆိုသူအများစုသည် မွတ်ဆလင်များကို ၎င်းတို့၏ရန်သူ များအဖြစ် မမြင်သည့်အပြင် မွတ်ဆလင်များသည် ၎င်းတို့ အတွက်စီးပွားရေးအရ မရှိအဖြစ်အရေးပါကြောင်း ထုတ်ဖော် ဆွေးနွေးခဲ့သည်။ သို့သော်လည်းအချို့သောပါဝင်ဖြေဆိုသူများ အနေဖြင့် မွတ်ဆလင်များသည်တစ်နေ့နေ့တွင် ရခိုင်များကို ကလဲ့စားချေလိမ့်မည်ဟု ထင်မြင်ယူဆလျက်ရှိပြီး ရခိုင်လူမျိုးများနှင့် မရောထွေးစေလိုသောကြောင့် ၎င်းတို့သည် မွတ်ဆလင်များကို ကြောက်ရွံ့ကြသည်။ အတိုချုပ်ဆိုရလျှင် ပါဝင်ဖြေဆိုသူများ၏ ရခိုင်နှင့်မွတ်ဆလင်များအပေါ် ကြောက်ရွံ့မှုသည် ပဋိပက္ခများ အပြီးတွင် အလွန်မြင့်တက်လာခဲ့သော်လည်း ၎င်းတို့အနေဖြင့် ပဋိပက္ခဖြစ်နေသည့် ထိုအဖွဲ့နှစ်ခုစလုံးနှင့် အပြုသဘော ဆောင်သည့်ဆက်ဆံရေးများ ပြန်လည်တည်ဆောက်လိုစိတ်ရှိ နေသေးကြောင်းတွေ့ရှိခဲ့သည်။

### ၂၀၁၂ ခုနှစ် နှင့် ၂၀၁၆-၂၀၁၇  ခုနှစ်အတွင်းပဋိပက္ခများ၏ အကျိုးသက်ရောက်မှုများ

ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများသည် ပဋိပက္ခများ၏ အပျက်သဘောဆောင်သော အကျိုးသက်ရောက်မှုများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း

ခံစားခဲ့ရသည်။ ယခုလေ့လာမှု၏ရလဒ်များအရ အဓိကအားဖြင့် ပြည်သူလူထု၏ အသက်မွေးဝမ်းကျောင်းအလုပ်များနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးထိခိုက်မှုများ ရှိခဲ့သည်ကိုတွေ့ရသည်၊ ဒဏ်ရာများ၏ပြင်းထန်မှုအခြေအနေသည် ပါဝင်ဖြေဆိုသူများကိုယ်တိုင် အကြမ်းဖက်မှုကို ကိုယ်တိုင်မျက်မြင်ကြုံတွေ့ခဲ့ခြင်းရှိ၊ မရှိနှင့် ပဋိပက္ခတွင် ၎င်းတို့ကိုပစ်မှတ်ထားတိုက်ခိုက်ခံရခြင်း ရှိ၊ မရှိခြင်းအပေါ်မူတည်နေသည်။ ယခုသုတေသနတွင် ပါဝင်ဖြေဆိုသူများအနက် တစ်ဦးသည် ၂၀၁၂ခုနှစ် လူအုပ်စုလိုက်ဖြစ်သော ပဋိပက္ခတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခဲ့သူဖြစ်ပြီး သုံးဦးသည် ၂၀၁၆ - ၂၀၁၇ခုနှစ် ပဋိပက္ခများကို ၎င်းတို့၏ သက်ဆိုင်ရာဒေသအသီးသီးတွင် ကိုယ်တိုင်မျက်မြင် ကြုံတွေ့ခံစားခဲ့ရသူများဖြစ်သည်။ မရမာကြီးလူမျိုး ပါဝင်ဖြေဆိုသူတစ်ဦးဖြစ်သည့် P1 သည် အကြမ်းဖက်မှုကြောင့် ပြင်းထန်စွာထိခိုက်ခံစားခဲ့ရသူဖြစ်ပြီး ၎င်းက "ငါတို့ ဗုဒ္ဓဘာသာမှာ သင်ပြထားတာရှိတယ်။ သူတို့ကို စာနာရမယ်၊ အပြစ်မရှိတဲ့ မွတ်ဆလင်လူမျိုးတွေကို ကူညီရမယ်။ မှန်တာပြောရရင် ငါလည်း ငရဲတော့ကြောက်တာပဲ၊ ဒါပေမယ့် အမျိုးသားရေးတစ်ခုအတွက်တော့ ဖြစ်စရာရှိတာဖြစ်သွားပြီ။" ဟု ဖွင့်ဟဝန်ခံခဲ့ပါသည်။ ၂၀၁၆ -၂၀၁၇ ခုနှစ် ပဋိပက္ခဖြစ်ပွားချိန်တွင် ဟိန္ဒူတစ်ဦးဖြစ်သည့် ပါဝင်ဖြေဆိုသူ P5 နှင့် မရမာကြီး လူမျိုးပါဝင်ဖြေဆိုသူများဖြစ်သည့် P3 နှင့် P4 တို့သည် အလွန်အမင်းပြင်းထန်သောအခြေအနေများကို ကိုယ်တိုင်မျက်မြင်တွေ့ကြုံခဲ့သည်။ အကျိုးဆက်အနေဖြင့် P4 သည်သူမအနေနှင့် မည်သည့်အလုပ်ကိုမှ အာရုံစိုက်နိုင်ခြင်းမရှိတော့ဘဲ စီးပွားရေးတစ်ခု အစပြုလုပ်ကိုင်ရန်လည်း စိတ်အားထက်သန်မှုမရှိဖြစ်ခဲ့ရခြင်းမှာ ပဋိပက္ခများသည် မည်သည့်အခါမှအဆုံးသတ်ခြင်းမရှိဘဲ ရပ်ရွာလူထုသည်လည်း အမြဲတစေပုံးသံများကို နီးနီးကြားကြားဖြင့် သတိထားနားစွင့်နေရသည်ဖြစ်ကြောင်း သူမ၏အတွေ့အကြုံကိုပြောပြဆွေးနွေးခဲ့သည်။

မြိုလူမျိုးတစ်ဦးဖြစ်သည့် P2 ၏ ပြောဆိုချက်အရ ၂၀၁၂ခုနှစ် လူအုပ်စုလိုက်ဖြစ်သောပဋိပက္ခပြီးနောက် မွတ်ဆလင်များနှင့် အခြားတိုင်းရင်းသားလူမျိုးစုများကြားရှိ ပြိုကွဲသွားသောဆက်ဆံရေးသည် ဒေသတွင်းစီးပွားရေးပေါ်တွင် ကြီးမားသောသက်ရောက်မှုတစ်ခုရှိခဲ့သည်၊ "လယ်သမားတွေဆိုရင်ငှားမယ့်သူကိုမရှိတော့ဘူး၊ သူတို့ဒေသထွက်အသီးအနှံတောင်မှ သူတို့ကိုယ်တိုင်မြို့ပေါ်သွားရောင်းမှအဆင်ပြေတယ် ဘာကြောင့်လည်းဆိုတော့ ရွာကိုဆင်းဝယ်မယ့်သူမရှိတော့လို့ " ဟု ပြောပြခဲ့သည်။ ကမာန်လူမျိုးပါဝင်ဖြေဆိုသူတစ်ဦးဖြစ်သည့် F1.2 က "၂၀၁၂ ကတော့ ကျွန်တော်တို့ကျဉ်းကျပ်တယ်ပေါ့။ ဈေးသွားလို့မရဘူး၊ဈေးရောင်းလို့မရဘူး၊ ရွာအနီးနားတစ်ဝိုက်မှာပဲ အသက်မွေးဝမ်းကျောင်းပြုရတယ်" ဟု ပြောဆိုခဲ့ပါသည်။ ထို့အပြင်ရွာ၏စိုက်ပျိုးမြေများအားလုံးကိုလည်း တပ်မတော်က လုံခြုံရေးအကြောင်းပြချက်ဖြင့် သိမ်းပိုက်ခဲ့သည်။၂၀၁၂ခုနှစ် လူအုပ်စုလိုက်ဖြစ်သောပဋိပက္ခဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ်တွင် လုပ်ကိုင်စားသောက်ရန်ဘာမျှမကျန်ရှိသည့်အတွက် ကမာန်လူမျိုးတို့၏ စီးပွားရေးလုပ်ငန်းအားလုံးသည် ရန်ကုန်သို့ ပြောင်းရွှေ့သွားခဲ့သည်ဟု F 1.3 ကထွက်ဆိုခဲ့သည်။ ဝမ်းနည်းဖွယ်ကောင်းသည့်အရာမှာ ထိုအပျက်သဘောဆောင်သည့်အကျိုးဆက်များသည် ၂၀၁၆-၂၀၁၇ ခုနှစ် ပဋိပက္ခများပြီးနောက်တွင် ပိုမိုဆိုးရွားလာခဲ့သည်။ ဟိန္ဒူတစ်ဦးဖြစ်သည့် ပါဝင်ဖြေဆိုသူ P5 က "တစ်ခုခုဖြစ်လာခဲ့ရင် လမ်းပန်းဆက်သွယ်ရေးပိတ်ချလိုက်တော့ ကျွန်တော်တို့အတွက်အင်မတန်ခက်ခဲတယ်။ အထူးသဖြင့် စားဝတ်နေရေးပေါ့" ဟု ပြောပြခဲ့ပါသည်။

ထို့ကြောင့် ယခုကဏ္ဍတွင် တင်ပြခဲ့သည့် ရလဒ်များအရ ပဋိပက္ခနှင့်တကွ ပဋိပက္ခအပြီး ဗဟိုအစိုးရနှင့် တပ်မတော်၏ လုံခြုံရေးဆိုင်ရာ လုပ်ဆောင်ချက်များသည် ပဋိပက္ခဒဏ်ခံစားရသောဒေသများတွင် နေထိုင်သောသူများ၏ လူနေမှုအသက်မွေးဝမ်းကြောင်းအလုပ်များကို ပျက်ဆီးစေခဲ့သည်မှာသိသာထင်ရှားနေသည်။ တိုက်ရိုက်အကြမ်းဖက်မှုများ ရပ်စဲပြီးနောက်ပဋိပက္ခဖြစ်ပွားခဲ့သည့် လူမှုအသိုက်အဝန်းများကိုပြန်လည်ပေါင်းစည်းရေးလုပ်ဆောင်ရမည့်အစား ပဋိပက္ခဖြစ်နေသည့်အုပ်စုများကို နေရာအသီးသီးတွင် အတင်းအကျပ်သီးခြားထားရှိခံခဲ့ရပြီး ပြည်နယ်တွင်းလမ်းပန်းဆက်သွယ်ရေးသည်လည်း အထူးသဖြင့် မွတ်ဆလင်များအတွက်မူ လုံခြုံရေးဟူသောအကြောင်းပြချက်ဖြင့် အလွန်အမင်းကန့်သတ်ထားလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် ပါဝင်ဖြေဆိုသူအများစုသည် ၎င်းတို့၏နယ်မြေဒေသများသို့ မွတ်ဆလင်အသိုင်းအဝိုင်းတစ်ခုလုံးလာရောက်နိုင်ခြင်းမရှိသည့်အတွက် လုပ်သားဈေးကွက်နှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ကျဆင်းခဲ့ကြောင်း ဖော်ပြပြောဆိုခဲ့သည်။ ၎င်းတို့၏စိတ်ဒဏ်ရာများနှင့် မလုံခြုံမှုများနှင့်စပ်လျဉ်းပြီး ပါဝင်ဖြေဆိုသူအားလုံးအနေဖြင့် ပဋိပက္ခများသည် ဆုံးခန်းမတိုင်သေးဟု ယုံကြည်လက်ခံထားပြီးရခိုင် နှင့် မွတ်ဆလင်များကြား တိုက်ရိုက်အကြမ်းဖက်မှုများ ပြန်လည်ဖြစ်ပေါ်လာမည်ကို စိုးရိမ်လျက်ရှိသည်။

## ပဋိပက္ခတွင်အဓိကဦးဆောင်သူများအပေါ် သဘောထားအမြင်များ နှင့် အဓိကအကြောင်းရင်းများ

ပါဝင်ဖြေဆိုသူအများစုအနေဖြင့် ၎င်းတို့လူမျိုးစုများသည် လူများစုနှစ်စုဖြစ်သော ရခိုင်လူမျိုးများနှင့် ရိုဟင်ဂျာမွတ်ဆလင်များကြားဖြစ်သောပဋိပက္ခများ၏ ဒဏ်ကိုခံရသော နစ်နာဆုံးရှုံးသူများသာဖြစ်သည်ဟု ထင်မြင်ယူဆကြသည်။ တစ်ချိန်တည်းတွင် ပါဝင်ဖြေဆိုသူများသည် ၂၀၁၂ခုနှစ်၏ ပဋိပက္ခတွင်အဓိကဦးဆောင်သူများ နှင့် ၂၀၁၆-၂၀၁၇ ခုနှစ်၏ ပဋိပက္ခတွင်အဓိကဦးဆောင်သူတို့ မတူညီကြောင်း သတိထားလေ့လာခဲ့သည်။ ၎င်းတို့၏ ပြောဆိုချက်အရ ၂၀၁၂ခုနှစ်တွင် အိမ်များကိုမီးရှို့ဖျက်ဆီးခဲ့ကြသူများသည် ရခိုင်လူမျိုးများဖြစ်ကာ ၂၀၁၆-၂၀၁၇ ခုနှစ်ပဋိပက္ခများသည် ARSA မှ မြန်မာစစ်တပ်ကို စတင်တိုက်ခိုက်ရာမှ အစပြုခဲ့ပြီး ၎င်းတို့အနေဖြင့် ARSA သည် အဓိကကျူးလွန်သူဟု အခိုင်အမာယုံကြည်ခဲ့သည်။ သိသာထင်ရှားသည့်ဥပမာတစ်ခုမှာ ARSA အဖွဲ့သည်ဟိန္ဒူ ၁၀၃ဦးကို အကြင်နာကင်းမဲ့စွာသတ်ဖြတ်ခဲ့ပြီး မြို နှင့် မရမာကြီးလူမျိုးများကိုလည်း သတ်ဖြတ်ခဲ့သည်။ "ဘင်္ဂလီတွေက ဗုဒ္ဓဘာသာတွေကို မုန်းတာ၊ ပြီးတော့ သူတို့က ရခိုင်ပြည်နယ်ကိုလိုချင်တာ၊ အဲ့အတွက်ကြောင့် ကျွန်မတို့ကို သတ်ဖို့ကြိုးစားတာ" ဟု မရမာကြီးလူမျိုးပါဝင်ဖြေဆိုသူဖြစ်သည့်

P4 က ဆွေးနွေးခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ပဋိပက္ခဖြစ်ပွားနေစဉ်အတွင်း မွတ်ဆလင်များနှင့် မွတ်ဆလင်မဟုတ်သူများသည် ၎င်းတို့ဒေသများကို တိုက်ခိုက်ခံရမည့်အရေးမှကာကွယ်ရန်အတွက် ၎င်းတို့ကြားဆက်ဆံရေး ကောင်းမွန်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဥပမာများလည်းရှိခဲ့ပါသည်။ ပဋိပက္ခများအတွင်းထိုအဖွဲ့များသည် ၎င်းတို့အားလုံး ထွက်မပြေးရခင်အထိ အဖွဲ့နှစ်ဖွဲ့လုံးမှလူများဖြင့် ရောနှောဖွဲ့စည်းထားသော ရပ်ရွာလူထုအစောင့်များထားရှိခဲ့ကြသည်။ မြိုလူမျိုးပါဝင်ဖြေဆိုသူတစ်ဦးဖြစ်သည့် P7 က " တကယ်တော့ အသိုင်းအဝိုင်းအမျိုးမျိုးက အပြစ်မဲ့ပြည်သူတွေ၊ ရခိုင်ဖြစ်ဖြစ်၊ မွတ်ဆလင်ဖြစ်ဖြစ်၊ မြို ဖြစ်ဖြစ် နိုင်ငံရေးအကျိုးမြတ်ဆိုတာ နားလည်ကြတာမဟုတ်ဘူး၊ ဒါပေမယ့်အမြဲတမ်း အခံဘက်က ချည်းပဲ" ဟု ဆွေးနွေးပြောဆိုခဲ့သည်။

ပါဝင်ဖြေဆိုသူအချို့က အချို့အဖွဲ့များ၏ နိုင်ငံရေးရည်ရွယ်ချက်များကြောင့် ပဋိပက္ခများဖြစ်ပေါ်ရသည်ဟု ယုံကြည်သည်။ ဥပမာအနေဖြင့်ပဋိပက္ခများအပြီးတွင် ရိုဟင်ဂျာများ၏ လူ့အခွင့်အရေးလှုပ်ရှားမှုများကို ကမ္ဘာအနှံ့သတိထားမိခဲ့ပြီး၊ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ရိုဟင်ဂျာများအား နိုင်ငံသားအဖြစ်လက်ခံပေးရန် မြန်မာအစိုးရအပေါ် ဖိအားပေးလာခြင်းအကြောင်း ပါဝင်ဖြေဆိုသူများကပြောဆိုခဲ့သည်။ တစ်ချိန်တည်းမှာပင် ရိုဟင်ဂျာလူမျိုးများ ရခိုင်ပြည်နယ်မှ ထွက်ပြေးရခြင်းကို ဝမ်းသာလျက်ရှိပြီး ၎င်းတို့ ဘယ်သောအခါမှ ပြန်မလာရန် ဆန္ဒရှိသောအဖွဲ့များရှိကြသည်။ အချို့သောသူများအနေဖြင့် မွတ်ဆလင်လူဦးရေသည် အများအပြားတိုးပွားလာပြီး ၎င်းတို့၏ စီးပွားရေးသည်လည်း ရခိုင်လူမျိုးများထက် ပိုမိုကောင်းမွန်သောကြောင့် ရခိုင်လူမျိုးများသည် မွတ်ဆလင်အသိုင်းအဝိုင်းအပေါ် အဘိဇ္ဈာပွားကာ (မနာလိုဝန်တိုမှုဖြစ်ပွားကာ) ၎င်းတို့ပြည်နယ်အနာဂတ်ကို စိုးရိမ်စပြုလာခဲ့ခြင်းကြောင့် ပဋိပက္ခများဖြစ်ပေါ်ခဲ့သည်ဟု ထင်မြင်ယူဆကြသည်။ အခြားတစ်ဘက်တွင်လည်း အချို့သောသူများက ရိုဟင်ဂျာများသည် ရခိုင်ပြည်နယ်မြောက်ပိုင်းကို သိမ်းပိုက်ပြီး ၎င်းတို့ကိုယ်ပိုင်နယ်မြေအဖြစ်ရယူလိုကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ထိုပဋိပက္ခဖြစ်စရာထင်မြင်ယူဆချက်များကြားတွင် ပါဝင်ဖြေဆိုသူတစ်ဦးက ထိုပဋိပက္ခများ၏ အဓိကအကြောင်းရင်းမှာ ဒီမိုကရေစီအသွင်းကူးပြောင်းမှုဖြစ်သည်ဟု ယူဆခဲ့သည်။ ဒိုင်းနက်လူမျိုးပါဝင်ဖြေဆိုသူ P6 က "အဓိကအကြောင်းအရင်းကတော့ ဒီမိုကရေစီပဲ၊ လူတွေက ဒီမိုကရေစီဆိုတာ ကိုယ်လိုချင်တာတောင်းဖို့ ပဲထင်နေကြတယ်" ဟု ဆွေးနွေးခဲ့ပါသည်။ ပေါင်းရုံးဖော်ပြပါက ယခုလေ့လာမှုအရ အချို့သောတိုင်းရင်းသားအဖွဲ့များသည် ပဋိပက္ခများကို ဘာသာရေး နှင့် လူမျိုးရေးပဋိပက္ခများအဖြစ်မြင်ကြပြီး၊ အချို့အဖွဲ့ များက ပဋိပက္ခများသည် နိုင်ငံရေးအကြောင်းရပ်များကြောင့် ရည်ရွယ်ချက်ရှိရှိဖြစ်ပေါ်လာသည် ဟု ယူဆကြသည်။

## တပ်မတော်နှင့်အစိုးရအဖွဲ့အပေါ်သဘောထားအမြင်များ

ယခုလေ့လာမှုတွင် ပါဝင်ဖြေဆိုသူများသည် တပ်မတော်နှင့် အစိုးရအဖွဲ့အပေါ်သာမက ပဋိပက္ခကိုကိုင်တွယ်ဖြေရှင်းသည့်နည်းလမ်းများအပေါ်တွင်လည်း မတူညီသည့်အမြင်များရှိခြင်းမှာ တိုင်းရင်းသားလူမျိုးကွဲများသည် ပဋိပက္ခအတွင်းတွင်အစိုးရအဖွဲ့၏ အကာအကွယ် နှင့် ဆက်သွယ်ရေးအတိုင်းအတာအမျိုးမျိုးကို တွေ့ကြုံခံစားခဲ့ရသောကြောင့် ဖြစ်နိုင်ပါသည်။ ဥပမာအားဖြင့် ARSA အဖွဲ့၏တိုက်ရိုက်အကြမ်းဖက်မှုကိုခံစားခဲ့ရသော ဟိန္ဒူတစ်ဦးဖြစ်သည့် ပါဝင်ဖြေဆိုသူက တပ်မတော်သည် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် ပံ့ပိုးပေးရာတွင်အရေးပါသော အခန်းကဏ္ဍက ပါဝင်သည်ဟု ပြောဆိုခဲ့ပါသည်။ ထို့အပြင် အချို့သောပါဝင်ဖြေဆိုသူများက တပ်မတော်သည် ထိုအကြမ်းဖက်မှုများဖြစ်ပေါ်ရခြင်းနှင့်မသက်ဆိုင်ကြောင်း၊ တပ်မတော်သည် အကြမ်းဖက်သမားများရန်မှ ပြည်သူများကိုကာကွယ်ခြင်းနှင့် နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးများကို လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း၊ တပ်မတော် နှင့် ARSA အဖွဲ့ကြား တိုက်ခိုက်မှုများဖြစ်ပေါ်နေစဉ် ဒဏ်ရာရသူများကို ဆေးဝါးကုသမှုများပံ့ပိုးပေးနေပြီး ၎င်းတို့ကိုလုံခြုံစိတ်ချရသောနေရာများသို့ပင် ပို့ဆောင်ပေးကြောင်း ရှင်းလင်းစွာပြောဆိုခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ပဋိပက္ခအတွင်း အစိုးရအဖွဲ့နှင့်တပ်မတော်၏ အခန်းကဏ္ဍအပေါ် အခြားသော အမြင်များလည်းရှိသည်၊ မရမာကြီးလူမျိုးပါဝင်ဖြေဆိုသူ P3 က "ပဋိပက္ခအတွင်းမှာ တပ်မတော်က ကာကွယ်တာမရှိဘူး၊ ကိုယ့်ဟာကိုယ်ပဲရုန်းကန်ခဲ့ရတယ်" ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ အချို့သောပါဝင်ဖြေဆိုသူများသည် ၎င်းတို့ ဒေသတွင် တပ်မတော်ကို မြင်တွေ့နေရသောအခါ လုံခြုံစိတ်ချမှုမခံစားရကြောင်း ပြောခဲ့ပါသည်။ မြိုလူမျိုးပါဝင်ဖြေဆိုသူတစ်ဦးဖြစ်သည့် P7 က

> "တပ်မတော်ရဲ့အကျင့်က ဒီဒေသကို သတင်းအချက်အလက်ရောက်မရောက်ပေါ်မူတည်ပြီးကွဲပြားတယ်၊ တစ်ချို့သတင်းအချက်အလက် လက်လှမ်းမမီတဲ့ဒေသတွေမှာဆိုရင်တစ်မျိုး၊ အပြစ်မဲ့ပြည်သူတွေရဲ့အိမ်မှာ ပစ္စည်းတွေရှာတယ်၊ ကိုယ်တွေလည်း သူတို့ဘာကိုရှာမှန်းမသိဘူး၊ ဒါပေမယ့် ကိုယ့်ရှေ့မှာ သေနတ်တွေနဲ့ ရှာဖွေနေတော့ သူတို့က ကာကွယ်ဖို့ ပြောလည်း မလုံခြုံဘူး"ဟု ၎င်း၏အတွေ့အကြုံကို ဆွေးနွေးခဲ့ပါသည်။

အခြားတစ်ဘက်တွင် ဖြစ်ပျက်ခဲ့သောအရာများအတွက် တပ်မတော်တွင် တာဝန်မရှိဘဲ၊ အစိုးရအဖွဲ့တွင်သာတာဝန်ရှိသည်ဟု ထင်မြင်ချက်အချို့လည်းရှိသည်။ "တပ်မတော်က မာရှယ်လောမထုတ်မချင်း ပဋိပက္ခကာကွယ်ဖို့ ဘာမှလုပ်လို့မရဘူးလေ၊ သူတို့ကဒီဒေသကိုအုပ်ချုပ်နေတာမှမဟုတ်တာ" ဟု P1 က ပြောဆိုဆွေးနွေးခဲ့သည်။ ပါဝင်ဖြေဆိုခဲ့သူများ၏ မှတ်ဉာဏ်များထဲတွင် အစိုးရ၏ တရားဥပဒေစိုးမိုးရေးအပေါ် အယုံအကြည်မရှိခြင်းသည် အရေးပါသောအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ "မရမာကြီးတစ်ယောက် အသတ်ခံရတဲ့ကိစ္စ ရန်ကုန်က လူ့အခွင့်အရေး ကော်မရှင်ရုံးကို ငါကိုယ်တိုင်သွားတာကွာ၊ ရှင်းရှင်းပြောမယ်၊ အတွေ့တောင်မခံဘူး၊ အစည်းအဝေးလုပ်နေတယ်တဲ့" ဟု မရမာကြီးလူမျိုးပါဝင်ဖြေဆိုသူ P1 က၎င်း၏အဖြစ်အပျက်ကို ပြောပြခဲ့ပါသည်။ ထိုအချက်များကိုသုံးသပ်ခြင်းအားဖြင့် ရခိုင်

ပြည်နယ်မြောက်ပိုင်းရှိ တပ်မတော်၏အခန်းကဏ္ဍ နှင့် ဒေသခံပြည်သူများအပေါ် ၎င်းတို့၏လွှမ်းမိုးမှုကို မငြင်းပယ်နိုင်ပေ။ ထိုအချက်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းပဋိပက္ခကို ဖြေရှင်းရန် စိတ်ဝင်စားသူတိုင်းအတွက် အခြားဘက်များကလုပ်ဆောင်ခဲ့သော အရာကို အသိအမှတ်မပြုဘဲနှင့် အရေးယူရန်လိုအပ်သော အဓိက ကျူးလွန်သူအဖြစ်တပ်မတော်အားပုံဖော်နေခြင်းသည် ငြိမ်းချမ်းရေးကိုအမှန်တကယ်ဆောင်ကျဉ်းပေးနိုင်သောအရာ ဟုတ်၊ မဟုတ် ပြန်လည်သုံးသပ်ရန် အသိပေးနှိုးဆော်ချက်တစ်ခု ဖြစ်ပါသည်။ သုတေသီများအနေဖြင့် ယခုလေ့လာမှု၏ တွေ့ရှိချက်များကို အခြေခံပြီး ပြည်သူလူထုသည် တရားမျှတမှု နှင့် ဥပဒေစိုးမိုးရေး အတွက် အစိုးရအဖွဲ့အစည်းများအပေါ် အားကိုးအားထားပြုလိုသော်လည်း အစိုးရအဖွဲ့သည် ပြည်သူလူထု၏ တောင်းဆိုမှုများကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးကြောင်း ယူဆနိုင်ပါသည်။ ထို့အပြင် ပဋိပက္ခများ စတင်ဖြစ်ပေါ်ပြီး ဒေသတွင်းပြန့်နှံ့သွားချိန်တွင် အစိုးရအာဏာပိုင်အဖွဲ့များ၏ ကျေနပ်လောက်အောင်တုံ့ပြန်ဆောင်ရွက်မှုများမရှိခဲ့ကြောင်းတွေ့ရသည်။

## အခြေခံကျသောလူ့အခွင့်အရေးများရရှိမှု

နိုင်ငံသားနှင့် နိုင်ငံရေးရာ ရပိုင်ခွင့် ကျင့်သုံးနေမှုနှင့် ပတ်သတ်ပြီး ပါဝင်ဖြေဆိုသူအချို့အနေဖြင့် ၎င်းသည် ပဋိပက္ခကြောင့် ပိုဆိုးသွားခြင်းလည်းမဟုတ် ပိုကောင်းလာခြင်းလည်းမဟုတ်ကြောင်း ထင်မြင်ယူဆသည်။ "ဘာမှမပြောင်းလဲဘူး၊ နိုင်ငံသား စိစစ်ရေးကဒ်ပြားရဖို့ လာဘ်ပေးရတုန်းပဲ" ဟု မြို့လူမျိုးပါဝင်ဖြေဆိုသူ P7 က ထုတ်ဖော်ပြောဆိုခဲ့သည်။ မရမာကြီးလူမျိုး P3 ၏ ပါဝင်ဖြေဆိုချက်အရ ၂၀၁၅ မတိုင်ခင် သူ၏ရွာရှိမည်သူမျှနိုင်ငံသားစိစစ်ရေးကဒ်ပြား ရရှိခြင်းမရှိခဲ့ကြောင်းကို၎င်းက "၂၀၀၇တုန်းကပေါ့ လဝက အရာရှိတစ်ယောက်က ပြောတယ်၊ မင်းတို့ က ကုလားတွေပဲ ဘယ်လိုလုပ်မှတ်ပုံတင်ရမလည်း" ဟု ဆွေးနွေးပြောပြခဲ့ပါသည်။ ဟိန္ဒူများသည်လည်း အလားတူအခြေအနေများကို အချိန်ကာလရှည်လျားကြာမြင့်စွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ဟိန္ဒူတစ်ဦးဖြစ်သူ P5 က "ကျွန်တော်တို့အိမ်မှာဆိုရင်မှတ်ပုံတင် ၅ယောက်ပဲရတယ်။ ကျွန်တော့်သားအကြီးမရဘူး၊ အလတ်ကောင်မရဘူး၊ အမျိုးသမီးမရဘူး အခုထိ" ဟု ပြောခဲ့ပါသည်။ မတူသည့်အချက်မှာ ကမာန်လူမျိုးစုများအတွက် လူမှုဖူလုံရေးရပိုင်ခွင့်များတွင် ကန့်သတ်ချက်များမြင့်တက်လျက်ရှိသည်။ ၂၀၁၂ ခုနှစ် လူအုပ်စုလိုက်ဖြစ်သော ပဋိပက္ခများဖြစ်ပွားပြီးနောက် ကမာန် လူမျိုးစုများ၏နယ်မြေများကို ပဋိပက္ခဖြစ်ပွားရာနယ်မြေများအဖြစ် သတ်မှတ်ခံရသည့်အတွက် လုံခြုံရေးအကြောင်းပြချက်များဖြင့် အစိုးရအဖွဲ့အစည်းများသည် ကမာန်လူမျိုးများကို ခွဲခြားဆက်ဆံခဲ့သည်။ ကမာန်လူမျိုးပါဝင်ဖြေဆိုသူများဖြစ်သည့် F 1.1 ၊ F1.2 နှင့် F1.3 တို့သည် မွတ်ဆလင်များ ဖြစ်နေသည့်အတွက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများကို ရခိုင်လူမျိုးများနှင့် တန်းတူ ရရှိခဲ့ခြင်းမရှိကြောင်း ပြောဆိုခဲ့သည်။ ပညာရေးကဏ္ဍတွင်လည်း အလားတူအခြေအနေများဖြစ်ကြောင်းကို F1.1 က "၇တန်း ၈တန်းတက်ဖို့ ကို မလွယ်ဘူး၊ ကျွန်တော်တို့ကို သက်သက်ပညာမတတ်အောင် လုပ်တာ။ ဘာလို့ဆို ကျွန်တော်တို့က ဒီမှာ မြို့ပေါ်ကျောင်းတွေမှာ မသင်ရဘူး၊ ခွဲခြားတာအဲ့တာ" ဟု ၎င်း၏အမြင်ကိုဆွေးနွေးခဲ့သည်။ ထို့အပြင် ကမာန်ကျောင်းသားများသည် နိုင်ငံသားစိစစ်ရေးကဒ်များမရှိသည့်အတွက် ရန်ကုန် သို့မဟုတ် ရခိုင်ပြည်နယ်အတွင်းရှိ အခြားမြို့နယ်များသို့ပင် မသွားရောက်နိုင်ခြင်းကြောင့် အဆင့်မြင့်ပညာရေးကို သင်ကြားခွင့်မရရှိကြပေ။

စာရေးသူများ၏ သုတေသနပြုချက်အရ အာဏာပိုင်များသည် မွတ်ဆလင်နှင့် ဟိန္ဒူများကိုအကြမ်းဖက်သမားများ အဖြစ် အမြဲတစေယူဆခံရပြီးသင်္ကာမကင်းဖြစ်ခံရသည်။ ၎င်းတို့၏ပုံပန်းအသွင်အပြင်များကြောင့် ၎င်းတို့သည် အာဏာပိုင်များ၏ စစ်ဆေးခြင်းကို မကြာခဏတွေ့ကြုံနေရသည်။ ဟိန္ဒူတစ်ဦးဖြစ်သူ P5 က "အဲ့တာစိတ်မကောင်းဘူး အင်းကြာပြီ၊ ကြာပြီကြာပြီ၊ နှစ်တော်တော်ကြာပြီ၊ အရင်ခေတ်တည်းက စစ်ဆေးရေးဂိတ်တွေရောက်ရင် ဒီမှာ အဲ့လို ဆင်းရတာ (ဘတ်စ်ကားပေါ်က)" ဟု ဖော်ပြပြောဆိုခဲ့သည်။ မြို့လူမျိုးပါဝင်ဖြေဆိုသူတစ်ဦးဖြစ်သည့် P7 အနေဖြင့် ဘေးဖယ်ထားခံရခြင်းနှင့် ပတ်သက်ပြီး "လက်နက်ကိုင်တပ်ဖွဲ့မရှိတဲ့တိုင်းရင်းသားတွေရဲ့အမြင်တွေ သဘောထားတွေက အပစ်ပယ်ခံရသလိုဖြစ်နေတယ်" ဟု ပြောဆိုခဲ့သည်။ ထို့အပြင် မြို့လူမျိုးပါဝင်ဖြေဆိုသူအချို့က ၎င်းတို့သည် ခရစ်ယာန်ဘာသာဝင်များဖြစ်သည့်အတွက် အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ ခွဲခြားဆက်ဆံခံရသည်ဟု ခံစားနေရသည်။ ထိုပါဝင်ဖြေဆိုသူများသည် ရခိုင်လူမျိုးအများစု၏ ရင့်သီးသော အပြုအမူများကြောင့် စီးပွားရေးလုပ်ကိုင်ရာတွင် ရခိုင်လူမျိုးများနှင့် တန်းတူ အခြေအနေမရရှိကြောင်း ဖော်ပြပြောဆိုခဲ့သည်။ မြို့လူမျိုးပါဝင်ဖြေဆိုသူတစ်ဦးဖြစ်သည့် F2.3 က "အခုဆို ကျွန်မတို့ရွာက ဘယ်သူမှလုပ်ငန်းမလုပ်ကြဘူး။ ကိုယ့်ဒေသကနေထွက်ပြီး ရခိုင်တွေနဲ့ အလုပ်မလုပ်ရဲဘူး။ သူတို့ကိုကြောက်တယ်လေ" ဟု ပြောဆိုခဲ့သည်။ အားလုံးခြုံငုံသုံးသပ်ကြည့်သော်ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လူနည်းစုအတွင်းမှလူနည်းစုများသည် ပဋိပက္ခများမတိုင်ခင်တည်းကပင် ခွဲခြားဆက်ဆံခံရလျက်ရှိပြီး လူ့အခွင့်အရေးမရရှိကြောင်းကို ဤလေ့လာမှုတွင် တွေ့ရှိခဲ့သည်။ ၎င်းတို့သည် ကဏ္ဍအချို့တွင် လူများစုတိုင်းရင်းသားအုပ်စုများနှင့်အစိုးရအဖွဲ့အစည်းများ၏ ခွဲခြားဆက်ဆံခြင်းကိုခံရလျက်ရှိသောကြောင့် ၎င်းတို့၏ နေ့စဉ်ဘဝတွင် စိန်ခေါ်မှုများနှင့် ကန့်သတ်ချက်များ ကြုံတွေ့နေရသည်။

## အစိုးရ၏ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအပေါ် သဘောထားအမြင်များ

ဤလေ့လာမှုတွင်၂၀၁၂ ၊၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်၏ပဋိပက္ခများအတွင်း နေအိမ်များနှင့်မြေယာများကိုဆုံးရှုံးခဲ့ရသူများသည် ပြန်လည်ထူထောင်လာနိုင်ခြင်းမရှိသေးကြောင်း တွေ့ရှိခဲ့သည်။ များသောအားဖြင့် ပါဝင်ဖြေဆိုသူများက၎င်းတို့သည် အစိုးရအဖွဲ့၊

အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နှင့် တစ်ဦးချင်းထံမှ လှူသားခြင်းစာနာမှုအထောက်အပံ့များဖြစ်သည့် အခြေခံ အစားအစာ နှင့် ယာယီနေထိုင်စရာတဲများရရှိကြောင်းဖော်ပြခဲ့သည်။ သို့ရာတွင် တိုင်းရင်းသားလူမျိုးစုအားလုံးမှပါဝင်ဖြေဆိုသူများသည် ၎င်းတို့လိုအပ်သည်မှာ အထောက်အပံ့တစ်ခုတည်းမဟုတ်ကြောင်းသဘောတူညီစွာပြောဆိုခဲ့သည်။ မရမာကြီးလူမျိုး ပါဝင်ဖြေဆိုသူဖြစ်သည့် P3 က

> "အထောက်အပံ့တွေရတာကောင်းပါတယ်။ ဒါပေမယ့် ဘယ်သူမှ ရေရှည်ဘဝအတွက် ထောက်ပံ့တာ၊ ကလေးတွေ အတွက် ပညာရေးထောက်ပံ့တာမျိုးမလုပ်နိုင်ဘူးလေ။ ကျွန်တော်တို့က အထောက်အပံ့တင်လိုအပ်တာမဟုတ်ဘူး၊ ရေရှည်မှာ အထောက်အပံ့မရှိဘဲရှင်သန်နိုင်မယ့်နည်းလမ်းပါလိုတာ" ဟုပြောဆိုခဲ့သည်။

ဤလေ့လာမှုတွင် ပါဝင်ဖြေဆိုသူများကအလုပ်အကိုင်အခွင့်အလမ်းများဖန်တီးခြင်း၊ စိုက်ပျိုးရေးနည်းစနစ်ထောက်ပံ့ခြင်း၊ ထိရောက်သည့်လမ်းပန်းဆက်သွယ်ရေး၊ ဒေသထွက်ကုန်များအတွက် ဈေးကွက်ဖန်တီးခြင်းတို့ကို အရေးတကြီးလိုအပ်နေကြောင်းကို ထပ်ကာတလဲလဲရည်ညွှန်းနေမှုနှင့်အတူ အနာဂတ်အတွက်အလေးထားရမည့်ကိစ္စရပ်များကို ရှင်းလင်းစွာဖော်ထုတ်နိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် တွေ့ရှိချက်များအရ တိုင်းရင်းသားလူမျိုးစု အမျိုးမျိုးသည် မတူညီသော ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များကို ကြုံတွေ့နေကြရသည်။ ဥပမာအားဖြင့် ဟိန္ဒူ၊ ကမာန်၊ နှင့်ရိုဟင်ဂျာများသည် စခန်းများအတွင်းနေရဆဲအချိန်တွင် မရမာကြီးလူမျိုးများသည် ၎င်းတို့၏မူလဒေသတွင် အစိုးရက ထောက်ပံ့ထားသော အိုးအိမ်အသစ်များတွင် နေထိုင်နေပြီဖြစ်သည်။ ထိုကွဲပြားသည့်အခြေအနေများပေါ် မူတည်ပြီး မတူညီသည့်လူမျိုးစုဝင်များအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်သည် ၎င်းတို့ကြားတွင် ကွဲပြားခြားနားမှုများပိုမိုဖြစ်ပေါ်စေသည့်အတွက် ၎င်းအပေါ် ယုံကြည်မှုမရှိကြောင်း တွေ့ရသည်။ တစ်ဘက်တွင်လည်း ပါဝင်ဖြေဆိုသူအချို့သည်၎င်းတို့အမြင်တွင် ရိုဟင်ဂျာများသည် ရခိုင်ပြည်နယ်ကို၎င်းတို့၏ ကိုယ်ပိုင်နယ်မြေအဖြစ်သိမ်းပိုက်လိုသည်ဟု ထင်မြင်ယူဆသောကြောင့် ပဋိပက္ခများ ပြန်လည်ဖြစ်ပေါ်လာမည်ဟု သုံးသပ်ခဲ့ကြသည်။

ဤလေ့လာမှုတွင် ထိုမတူညီသည့်လူမျိုးစုဝင်များသည် ပဋိပက္ခများ ဖြစ်ပေါ်ရသည့်အကြောင်းအရင်း နှင့်၎င်းတို့ရပ်ရွာလူထု အနာဂတ်အတွက် အချင်းချင်းညှိနှိုင်းနေထိုင်နိုင်မည့်နည်းလမ်းများကို လိုလားစွာပြောဆိုချင်စိတ်ရှိကြသည်ကို တွေ့ရှိခဲ့သည်။ ထို့အပြင် ပဋိပက္ခတွင်အဓိကဦးဆောင်သူများအချင်းချင်းစကားပြောဆိုမှု မရှိလျှင် ပဋိပက္ခများကိုကျော်ဖြတ်ရန် နည်းလမ်းမရှိနိုင်ကြောင်း ယူဆကြသည့်အပြင် အစိုးရအနေဖြင့် ထိုဆွေးနွေးပွဲများကို ဦးဆောင်ကျင်းပသင့်ကြောင်း ခိုင်မာစွာယုံကြည်ကြသည်။ ထို့အပြင် ထိုဒေသအတွင်းနေထိုင်သူများအားလုံးသည် ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းအလုပ်များတွင် တန်းတူညီမျှအခွင့်အရေးရှိခဲ့လျှင် အနာဂတ်တွင်ပဋိပက္ခများကို ကြိုတင်ကာကွယ်နိုင်လိမ့်မည်ဟု ယူဆကြောင်း၊ ဟိန္ဒူတစ်ဦးဖြစ်သည့် ပါဝင်ဖြေဆိုသူ P5 က "အကယ်လို့ ပညာသာတတ်ပြီး သည်ပညာနဲ့ ကျောင်းဆရာ ပြန်လုပ်ခွင့်ရမယ်ဆိုရင် သူက သူ့အသိုင်းအဝိုင်းကလူတွေကို အကြမ်းမဖက်အောင် ကာကွယ်နိုင်မှာပဲ။ ဘာလို့လဲဆိုတော့ သူတို့က ဘဝကိုအေးအေးချမ်းချမ်းနေဖို့ အာမခံချက်ရှိပြီးသား ဖြစ်နေတော့လေ" ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ယခုလေ့လာမှုသည် ရခိုင်ပြည်နယ်နှင့်ပတ်သက်သည့် ယခင်အစီရင် ခံစာများမှ တွေ့ရှိခဲ့သောအချက်ဖြစ်သည့် - ရပ်ရွာလူထုအားလုံးသည် ဆင်းရဲမွဲတေမှု၊ အစိုးရ၏ဝန်ဆောင်မှု လုပ်ငန်းများ အားနည်းခြင်းနှင့် ရှင်သန် ရပ်တည်ရန် အခွင့်အလမ်း ရှားပါးခြင်းများကို ရင်ဆိုင်ရလျက်ရှိသည် ဟူသော အချက်ကိုအတည်ပြုနိုင်ခဲ့သည်။ ထို့အပြင် ဤသုတေသနတွင် ပဋိပက္ခများဖြစ်ရခြင်းအကြောင်းများထဲမှတစ်ချက်အဖြစ် အဆိုပါအကြောင်းရင်းများကို လေ့လာတွေ့ရှိခဲ့ပြီး ဤအကြောင်းကြောင့် ပဋိပက္ခများ ပြန်လည်ဖြစ်ပေါ်ခြင်းမှ ကြိုတင် ကာကွယ်ရာတွင် ၎င်းအချက်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။

# သုံးသပ်ချက် နှင့် အကြံပြုထောက်ခံချက်များ

ယခုလေ့လာမှု၏ အဓိကရှာဖွေတွေ့ ရှိချက်များကိုအကျဉ်းချုပ်အားဖြင့် လူနည်းစုအတွင်းရှိလူနည်းစုများသည် ရခိုင်နှင့်မွတ်ဆလင်များကြားရှိ ပဋိပက္ခဒဏ်များကို ခံစားရရုံသာမက အစိုးရအဖွဲ့ အစည်းများ၏ ပြဌာန်းချက်များမှတစ်ဆင့်လည်း ဖိနှိပ်ခံနေရပြီး ရခိုင်လူမျိုးကြီးများ၏ လူမှုရေးအရခွဲခြားဆက်ဆံမှုများကိုလည်းကောင်း ရင်ဆိုင်ရလျက်ရှိသည်။ ထိုအကြောင်းအရာများကို အခြေခံ၍ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင်၎င်းတို့ပါဝင်နိုင်ရန်အဟန့်အတားဖြစ်နေသည့်အရာများကို ထည့်သွင်းစဉ်းစားနိုင်သည်။ တစ်ချိန်တည်းမှာပင် ဤလေ့လာမှုတွင် လူနည်းစုအတွင်းရှိလူနည်းစုများသည် ပဋိပက္ခဖြစ်ပွားနေသည့်ရပ်ရွာလူထုနှစ်ရပ်စလုံးနှင့် ဆန့်ကျင်ရပ်တည်ခြင်းမရှိဘဲမြေပြင်တွင်နှစ်ဘက်ပဋိပက္ခအခြေအနေကိုနားလည်သူများဖြစ်ကြသောကြောင့် ၎င်းတို့သည် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အလားအလာရှိသည့်အရင်းအမြစ်များအဖြစ် ကိုယ်စားပြုနေပါသည်။ ထို့ကြောင့် သုတေသီများအနေဖြင့် အောက်ပါအချက်များကို လုပ်ဆောင်နိုင်ရန်အကြံပြုထောက်ခံအပ်ပါသည်။

၁။ ထိုလူနည်းစုများ၏ အခြေခံလူ့အခွင့်အရေးများဖြစ်သော လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာရပိုင်ခွင့်များ၊ အလုပ်အကိုင်ရွေးချယ်ပိုင်ခွင့် (အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့ အစည်းနှစ်ခုလုံး)၊ ဥပဒေကြောင်းအရ အကာအကွယ်တန်းတူညီမျှစွာရရှိပိုင်ခွင့်များကို ကန့်သတ်ထားသည့်ဥပဒေများကို အမြန်ဆုံး ရုတ်သိမ်းသင့်ပြီး၊ ထိုလူနည်းစုအတွင်းရှိသူများအားလုံးကို ဤတိုင်းပြည်၏ နိုင်ငံသားများအဖြစ် တန်းတူညီမျှဆက်ဆံသင့်သည်။

၂။ နိုင်ငံ၏လက်ရှိငြိမ်းချမ်းရေးလမ်းစဉ်တွင် အောက်ခြေလူတန်းစားများ၏ ပါဝင်မှုအပါအဝင် အစိုးရနှင့် မူဝါဒရေးဆွဲသူများသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို လွန်ခဲ့သည့်ခြောက်နှစ်ကထက်ပိုမိုထိရောက်လာစေရန် လုပ်ကိုင် ဆောင်ရွက်သင့်ပါသည်။

၃။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လုပ်ဆောင်နေဆဲဖြစ်သည့် ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် လုပ်ကိုင်နေသော ငြိမ်းချမ်းရေးတည်ဆောက်သူများသည် - ၁) လူနည်းစုအတွင်းရှိလူနည်းစုများ၏သဘောထားအမြင်များကို ကိုယ်စားပြုနိုင်သည့်စီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ ၂) အကြမ်းဖက်ပဋိပက္ခကာကွယ်တားဆီးရေး စီမံကိန်းများတွင် ထိုလူနည်းစုအတွင်းရှိလူနည်းစုများအနေဖြင့်အစိုးရနှင့်သာမက ရခိုင်များနှင့် ရိုဟင်ဂျာအသိုင်းအဝိုင်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် လမ်းကြောင်းများဖန်တီးပေးခြင်း၊ ၃) ၎င်းတို့ အား လက်ရှိအမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွင် ၎င်းတို့၏လူမျိုးစုများကို ကိုယ်စားပြုပါဝင်ခွင့်ပြုခြင်း စသည့်နည်းလမ်းများကိုအသုံးပြုခြင်းဖြင့် လူနည်းစုအတွင်းရှိလူနည်းစုများအတွက် ပြည့်စုံလုံလောက်သောနေရာတစ်ခု ကမ်းလှမ်းပေးသင့်သည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် အနာဂတ်ရခိုင်ပြည်နယ်မြောက်ပိုင်းအတွက် ထိရောက်မှုရှိသည့်အကျိုးကျေးဇူးရလဒ်များ ရရှိနိုင်မည်ဖြစ်ပါသည်။

# ကျမ်းညွှန်းမှတ်စု

၁ မြန်မာအစိုးရအဖွဲ့၏လူဦးရေသန်းခေါင်းစာရင်း (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ၂၀၁၄) အရ မြို နှင့် ခမီလူမျိုးများကို မတူညီသောမျိုးနွယ်အုပ်စုများအဖြစ် သတ်မှတ်သော်လည်း ထိုလူမျိုးစုဝင်အချို့အနေဖြင့် မြိုနှင့်ခမီသည် တူညီသောမျိုးနွယ်စုမှ ဆင်းသက်လာပြီး မြိုခမီအဖြစ်သတ်မှတ်သင့်ကြောင်း ခိုင်မာစွာယုံကြည်လျက်ရှိသည်။

၂ သိသာထင်ရှားသောခြွင်းချက်တစ်ခုမှာ ရိုဟင်ဂျာလူမျိုးစုအနေဖြင့် လူအုပ်စုလိုက်ဖြစ်သောအရေးအခင်းစတင်ဖြစ်ပေါ်ခဲ့သော ၂၀၁၂ခုနှစ်မှစတင်ပြီး လူအများစိတ်ဝင်စားမှုအများအပြားရရှိခဲ့သည်။

၃ အမျိုးသားမှတ်ပုံတင်ကဒ်များတွင် ၎င်းတို့ကို "ဟိန္ဒူ"အဖြစ်သတ်မှတ်ထားသော်လည်း မြန်မာနိုင်ငံ၏တိုင်းရင်းသားလူမျိုး ၁၃၅မျိုးတွင် ၎င်းလူမျိုးစု ပါဝင်ခြင်းမရှိပေ။

# ကျမ်းကိုးစာရင်း


Advisory Commission on Rakhine State. (2017). *Towards a peaceful, fair and prosperous future for the people of Rakhine: Final report of the Advisory Commission on Rakhine State.* Retrieved from http://www.rakhinecommission.org/

Amnesty International. (2017). *"Caged without a roof": Apartheid in Myanmar's Rakhine State.* London, UK: Amnesty International.

Baldwin, C., Chapman, C., & Gray, Z. (2007). *Minority rights: The key to conflict prevention.* Retrieved from https://minorityrights.org

Beeri, I., & Saad, M. (2014). Political participation unconditioned by inequality and discrimination: the case of minorities-within-minorities in Israeli-Arab mixed municipalities. *Journal of Ethnic and Migration Studies, 40, 1526-1549*

Das, S. K. (2009). Minorities within minorities: Gender implications for minority policies in India and Bangladesh. European Yearbook of Minority Issues, 8, 483-498.

Ministry of Labour, Immigration and Population. (2014). *The 2014 Myanmar population and housing census.* Retrieved from http://www.dop.gov.mm/en/publication-category/census

Nyein Chan Aung. (2018). *Minority ethnic migrants and social justice.* Paper presented at the Myanmar Institute of Theology, Yangon, Myanmar.

Htet Lynn Oo, Htoo Htet Naing, Kyaw Zin Lin, Myo Myo Kyaw, Saw Mar Gay Htoo, & Thura Aung. (2018, October). *The fourth pillar: The fuel or the dove.* Presented at an event of Peace Leadership & Research Institute, Yangon, Myanmar.

Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine. (2018). *Rakhine nationalities.* Retrieved from http://rakhine.unionenterprise.org

United Nations Children's Fund. (2015). *Rakhine State: A snapshot of child wellbeing.* Retrieved from https://www.unicef.org/myanmar/

# စာရေးသူများအကြောင်း

**ထူးထက်နိုင်**သည် ရခိုင်ပြည်နယ်မှဖြစ်ပြီး လက်ရှိအချိန်တွင် ရန်ကုန်မြို့၌နေထိုင်လျက်ရှိသည်။ သူမသည် မြန်မာနိုင်ငံဗဓမ္မတက္ကသိုလ်ရှိ Liberal Arts Program မှ လူမှုရေးသိပ္ပံအထူးပြုဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပါသည်။ ငြိမ်းချမ်းရေး၊ ခေါင်းဆောင်မှု နှင့် သုတေသနအင်စတီကျူ့တွင် မတက်ရောက်မီ သူမသည် ၂၀၁၇ခုနှစ် ပဋိပက္ခဖြစ်ပြီးနောက်ပိုင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးသည့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ညှိနှိုင်းရေးလူငယ်အဖွဲ့ (Humanitarian Coordination Youth Team) ၏ ဘုတ်အဖွဲ့ဝင်တစ်ယောက်ဖြစ်ခဲ့ပါသည်။ ယခုအချိန်တွင် သူမသည် စဉ်ဆက်မပြတ်တည်တံ့သည့်ငြိမ်းချမ်းမှုမြှင့်တင်ခြင်းဖြင့် အကြမ်းဖက်ပဋိပက္ခများကိုအဆုံးသတ်ခြင်းဆိုင်ရာ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်သည့် Search for Common Ground တွင် စီမံကိန်းအရာရှိအဖြစ် အလုပ်လုပ်ကိုင်လျက်ရှိသည်။ ထူးထက်နိုင်သည် အနာဂတ်တွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်အတွက် နည်းလမ်းများရှာဖွေနိုင်ရန်အလို့ငှာ သုတေသနများ ဆက်လက်၍ပြုလုပ်လိုပါသည်။

**ကျော်ဇင်လင်း**သည် ရန်ကုန်မြို့မှဖြစ်ပြီး ဥပဒေအထူးပြုဘာသာရပ်ဖြင့် ဒဂုံတက္ကသိုလ်မှဘွဲ့ရရှိခဲ့ပါသည်။ သူသည် ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ၏ ယခင် ဒု-ဥက္ကဋ္ဌ၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ ယခင် နိုင်ငံခြားရေးရာ တာဝန်ခံနှင့် လက်ရှိတွင် ကချင်ပြည်နယ်၏ ပဋိပက္ခဖြစ်သောနေရာဒေသများတွင် ရွေ့လျားစာကြည့်တိုက်များ တည်ထောင်နေပြီး ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDP) အတွက် ကျောင်းပြင်ပပညာရေး ထောက်ပံ့ကူညီပေးနေသည့် ပြည်တွင်းရှိအစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် Candle စာကြည့်တိုက်ဖောင်ဒေးရှင်းတွင် စီမံကိန်းမန်နေဂျာအဖြစ် အလုပ်လုပ်ကိုင်လျက်ရှိသည်။ သူသည်အနာဂတ်တွင် မြန်မာနိုင်ငံကို ဒီမိုကရက်တစ်ဆိုရှယ်လစ်နိုင်ငံတစ်ခုအဖြစ် တည်ဆောက်ရာတွင် သူ၏ပညာရပ်ဆိုင်ရာအသိပညာဗဟုသုတများဖြင့် အကျိုးပြုကူညီပေးရန် စိတ်အားထက်သန်လျက်ရှိပါသည်။

ဤစာတမ်းတွင်ပါရှိသော အတွေးအမြင်များသည် FES ၊ PLRI နှင့်တကွ ယင်းတို့၏ အလှူရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အတွေးအမြင်များမဟုတ်ပါ။

FES မှထုတ်ဝေထားသော စာအုပ်များကို FES ၏ စာဖြင့်ရေးသား ထားသော သဘောတူညီချက်မပါပဲ အမြတ်အစွန်းအတွက်စီးပွားဖြစ်ထုတ်ဝေခွင့်မပြုပါ။

**ပုံနှိပ်**
©၂၀၁၉ ခုနှစ် ဖရက်ဒရစ်အဲဘတ်ဖောင်ဒေးရှင်း (FES) မြန်မာရုံး
အမှတ် (၇၃၉)၊ စံပါယ်ရုံလမ်းသွယ် (၁)၊ ပါရမီ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

**တာဝန်ရှိပုဂ္ဂိုလ်**
အလက်ခ်စ်ဆေး ယူစူပေါ့ဗ် - ဌာနေကိုယ်စားလှယ်
ရုံးဖုန်း ၀၉ ၉၇၂ ၇၇၉ ၇၄၇
https://www.fes-myanmar.org
Friedrich-Ebert-Stiftung Myanmar Office

စာအုပ်မှာယူရန်
info-myanmar@fes.asia

**Izumi Idoia Zubia** – Cover illustrations
**Myriam Rueda** – Layout Design
**နော်ဝေနှင်းကျော်** - ဘာသာပြန်ဆိုသူ
**နော်စာဘလု** - စာအထားအသိုဖတ်ရှုစစ်ဆေးသူ

**ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့်သုတေသနအင်စတီကျူ့ အကြောင်း**
ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့်သုတေသနအင်စတီကျူ့သည် သပြေပညာရေးဖောင်ဒေးရှင်းနှင့်ပူးပေါင်းပြီး ဖွဲ့စည်းထားသော အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးနေသည့် သင်တန်းကျောင်းတစ်ခုဖြစ်ပါသည်။ သင်တန်းကျောင်းကို ၂၀၁၈ခုနှစ်တွင်စတင်ထူထောင်ခဲ့ပြီး တစ်နှစ်တာအချိန်ကြာမြင့်သော ငြိမ်းချမ်းရေးခေါင်းဆောင်မှု ဘွဲ့လွန်ဒီပလိုမာပေးအပ်ချီးမြှင့်သည်။ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးကိုဆောင်ရွက်ရာတွင် တာဝန်ယူမှုနှင့်တာဝန်ခံမှုကိုရှိသော ခေါင်းဆောင်မှုဆိုင်ရာနှင့် သက်သေအထောက်အထား (သို့) အချက်အလက်အခြေပြုသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်အောင် ပြုစုပျိုးထောင်ပေးနေသော နေရာတစ်ခုလည်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်နိုင်ရန် သင်တန်းကျောင်းသည် လူမှုရေးသိပ္ပံနှင့် ပတ်သက်ဆက်နွယ်သော သုတေသနပြုလုပ်ခြင်းဆိုင်ရာ အရည် အသွေးမြင့်သင်တန်းကို မြန်မာနိုင်ငံတဝှမ်းလုံးရှိ တက်ကြွပြီး အရည်အချင်းပြည့်ဝသောလူငယ်များကို လေ့ကျင့်သင်ကြားပေးပြီ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များမျှော်မှန်းသော ခေါင်းဆောင်မှုကဏ္ဍတွင် ပါဝင်လာနိုင်ရန်ဖြစ်သည်။
ဤစာစောင်သည် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွင်း တက်ရောက်ခဲ့သည့် ဘွဲ့ရမောင်မယ်များမှ ပြုစုရေးသားခဲ့ပြီး ပညာရေးဆိုင်ရာဆောင်းပါးအဖြစ် ရွေးချယ်ခြင်းခံထားရသည့် အစီရင်ခံစာ ၆ ခုအနက်မှ တစ်ခုဖြစ်သည်။

**၂၀၁၈ -၂၀၁၉ PLRI ဘွဲ့ရမောင်မယ်များမှ ပြုစုရေးသားခဲ့သော အခြားစာတမ်းများ -**
- မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်ချမှတ်ခြင်း - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏သဘောထားအမြင်များ
- မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တစ်ဆို့စေသည့်အကြောင်းရင်းများ
- ငြိမ်းချမ်းရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း၏အားသာချက် - မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းမှ တစ်ဆင့် လူငယ်များ၏ပါဝင်မှုကို မြှင့်တင်ခြင်း
- ဖယ်ကျဉ်ခံထားရာမှအလယ်ဗဟိုဆီသို့- ကရင်နီပြည်နယ်အတွင်းနေထိုင်သော တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ ဖယ်ကျဉ်ခံထားရသည့်အတွေ့အကြုံများ
- မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် ပြည်သူလူထု၏ယုံကြည်အားကိုးမှု - သက်ရောက်လွှမ်းမိုးမှုရှိနေသည့် အကြောင်းရင်းများကို လေ့လာဖော်ထုတ်ခြင်း

- သုတေသနအစီရင်ခံစာ ၆ စောင်အား ပေါင်းစုထားသည့် "မြန်မာ့ငြိမ်းချမ်းရေးကို ရှာဖွေခြင်း - ထိပ်ဆုံးအလွှာမှသည် အောက်ခြေ မြေပြင်အဆင့်၏ အတွေးအမြင်များကို ဆန်းစစ်လေ့လာခြင်း" ဟူသောစာစောင်ကိုလည်း ရယူဖတ်ရှုနိုင်ပါသည်။

Friedrich-Ebert-Stiftung (FES) (ဖရက်ဒရစ်အဲဘတ်ဖောင်ဒေးရှင်း) သည် ဂျာမနီနိုင်ငံတွင် သက်တမ်း အကြာရှည်ဆုံး နိုင်ငံရေး ဖောင်ဒေးရှင်းဖြစ်ပြီး၁၉၂၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဂျာမနီ၏ပထမဦးဆုံး ဒီမိုကရေစီစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏အမည်ကို အစွဲပြု၍အမည်ပေးထားခြင်း ဖြစ်သည်။

FES မြန်မာရုံးကို ၂၀၁၄ခုနှစ်တွင် တရားဝင်တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ သို့သော် FES လုပ်ငန်းများမှာမူ ၂၀၀၅ခုနှစ်ကပင် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ FES ၏ပြဌါန်းလုပ်ဆောင်မှုနှင့်အညီ ဆိုရှယ်ဒီမိုကရေစီတန်ဖိုးများနှင့် အယူအဆများကို ဖော်ဆောင်ရန် FES မြန်မာရုံးသည် အများပါဝင်ဆောင်ရွက်နိုင်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဖြစ်စေးရေးလုပ်ငန်း၊ လူမှုတရားမျှတမှု ပြည့်ဝသော လူ့ဘောင်အဖွဲ့အစည်းဖြစ်စေရေး အထောက်အကူပြုသောလုပ်ငန်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒ အခြေခံမှုများဖြစ်သော ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ပေးသော လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပါသည်။

www.fes-asia.org